# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၁၂) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
## (၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်** ၊ ၁၀ း ၁၀ ။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၂) ရက် မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦးရှိတဲ့အနက် ၃၄၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၈.၀၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ၁၂-၃-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသော လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၂၈ ဦးရှိပြီး အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း

(၂) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင်

(၃) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ်

(၄) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း တို့သည် ယနေ့ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေးအား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၅) ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်

(၆) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း

(၇) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်

(၈) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင်

(၉) ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်

(၁၀) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို

(၁၁) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်

(၁၂) ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို

(၁၃) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း

(၁၄) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး

(၁၅) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း

(၁၆) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် တို့သည် ၁၂-၃-၂၀၁၂ ရက်နေ့မှ ၁၃-၃-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း

(၁၇) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း

(၁၈) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး

(၁၉) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင်

(၂၀) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း

(၂၁) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို

(၂၂) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း

(၂၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့်

(၂၄) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ

(၂၅) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း

(၂၆) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း

(၂၇) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို တို့သည် ၁၂-၃-၂၀၁၂ ရက်နေ့မှ ၁၄-၃-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အဖြစ်လည်းကောင်း

(၂၈) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း တို့သည် ၁၂-၃-၂၀၁၂ ရက်မှ ၁၆-၃-၂၀၁၂ ရက်နေ့အထိ ခွင့် ၅ ရက်အဖြစ်လည်းကောင်း အသီးသီးတင်ပြလာပါတယ်။

အထက်ပါတင်ပြခဲ့သော ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ ။** ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကိုမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံခြားခရီးသည်များ လွတ်လပ်စွာ ခရီးသွားလာခွင့်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးငွန်မောင်း (ဟားခါးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးငွန်မောင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ယနေ့အထိ ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားခရီးသည်များသွားလာခွင့်မရရှိသေးတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ယင်းကိစ္စနဲ့ပတ်သက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ အဆိုတစ်ရပ်အဖြစ် တင်သွင်းခဲ့ပြီး ၁၄-၃-၂၀၁၁ ရ က်နေ့တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးမှ ၂၀၀၂ ခုနှစ် နောက်ပိုင်း ချင်းပြည်နယ်အတွင်း ခရီးသွားကန့်သတ်ချက်မရှိတော့ပဲ သွားလာနိုင်ပြီဖြစ်ကြောင်း သွားလာရေးအတွက် အားလုံးအဆင်ပြေအောင်ဆောင်ရွက်ပေးမယ်ဖြစ်ကြောင်း ဖြေကြားပေးခဲ့ပါ တယ်။ နိုင်ငံခြားသက်ဆိုင်ရာ မြန်မာသံရုံးများမှလည်း မည်သည့်ခွင့်ပြုချက်မှမလိုဘဲ ချင်းပြည်နယ်သို့ လွတ်လပ်စွာသွားလာနိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ် ကြောင်း ခရီးသည်များထံမှ သိရှိရပါတယ်။ သို့ရာတွင် မကြာသေးခင်က အမေရိကန်တွင် နေထိုင်သူ အမေရိကန်နိုင်ငံသား Citizen ရရှိသူ ချင်းလူမျိုး ဦးအေးမောင်ဆိုသူသည် ဟားခါးမြို့ရှိ အသက် ၈၀ ကျော် မိခင်အားတွေ့ဆုံကန်တော့ရန် ၁၆-၁၂-၂၀၁၁ နေ့တွင် ရန်ကုန်သို့ Social Visa ဖြင့် ရောက်ရှိလာပြီး ဟားခါးသို့ ၂၂-၁၂-၂၀၁၁ ရက်နေ့တွင်ရောက်ရှိပါတယ်။ ယင်းသို့ရောက်ရှိခြင်းကို မြို့နယ်လဝကမှ သိရှိပြီး ကာကွယ်ရေးနှင့် လုံခြုံရေးဌာန ထောက်ခံချက်မရှိသဖြင့် ဟားခါးတွင်နေ၍မရကြောင်း ချက်ချင်းပြန်သွားရန်ပြောသဖြင့် ဦးအေးမောင်သည် ၂၃-၁၂-၂၀၁၁ ရက်နေ့တွင် ရန်ကုန်သို့ ပြန်သွားခဲ့ပါတယ်။ ယင်းကိစ္စအား ဦးအေးမောင် ရန်ကုန်မြို့မှဟားခါးရှိ ကျွန်တော်ထံတယ်လီဖုန်းဆက် ပြောကြားခဲ့ရာ ၂၉-၁၂-၂၀၁၁ ရက်နေ့တွင် ကျွန်တော်မှ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးရုံးသို့ တယ်လီဖုန်းဆက်မေးမြန်းအကြောင်းကြားပေးခဲ့ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူးမှ မိမိတို့ဝန်ကြီးရုံးအနေဖြင့် မည်သည့် ကန့်သတ်ချက်မျှမရှိကြောင်း ကောင်းမွန်စွာပြောကြားပေးပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်)သို့ဆောင်ရွက်ပေးရန် တယ်လီဖုန်းဆက် အကြောင်းကြားပေးသဖြင့် ဦးအေးမောင်အား ဟားခါးသို့ ခရီးသွားခွင့်ပြုမိန့်ထုတ်ပေးခဲ့ရာ ဦးအေးမောင်သည် ဟားခါးသို့ ပြန်သွားခဲ့ပါတယ်။ ခရီးသွားခွင့်ပြုစာတွင်လည်း လုံခြုံရေးကိစ္စများကို သက်ဆိုင်ရာဌာနများသို့ မိတ္တူများပေးပို့ထားသည်ကိုလည်းသိရှိရပါတယ်။ ဦးအေးမောင် ဟားခါးသို့ ပြန်လည်ရောက်ရှိလာပြီး ၎င်း၏အမေအား ကန်တော့ဆုတောင်းပွဲပြုလုပ်ပေးပြီး နောက်တစ်ရက် ၈-၁-၂၀၁၂ ရက်နေ့ တနင်္ဂနွေနေ့ညနေပိုင်းတွင် မြို့နယ်လဝကမှူးနှင့်တကွ ရဲများရောက်ရှိလာပြီးရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးတွင် ဦးအေးမောင်အားခေါ်ကာ ယခုချက်ချင်း ဟားခါးမှထွက်သွားရန် ကားမရှိပါကလည်း ခြေလျင်ဖြင့်သွားရန် ရာဇသံပေးပြောကြားမောင်းထုတ်ခဲ့ပါတယ်။ ယင်းသို့ မောင်းထုတ်သဖြင့်

ဦးအေးမောင်မှာကြောက်ရွံ့ပြီး ကားငှားရမ်းပြန်သွားခဲ့ပါတယ်။ အမေရိကန်မှ သီးခြား Social Visa ဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးခွင့်ပြုမိန့်ဖြင့်ရောက်ရှိလာသော ဦးမောင်တင် နှင့် ဇနီးမှာလည်းကြောက်ရွံ့သဖြင့် ဦးအေးမောင်နှင့်အတူပြန်သွားကြပါတယ်။ ဦးအေးမောင်တို့ ကားပေါ်တက်ချိန် နှစ်ပေါင်းကြာမြင့်စွာခွဲခွာခဲ့ရတဲ့မိခင်နှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟအားလုံးငိုယိုပြီး နှုတ်ဆက်ကျန်ခဲ့ကြပါတယ်။ ယင်းကိစ္စအား ဦးအေးမောင်မှ ကျွန်တော်ထံ တယ်လီဖုန်းဆက် ပြောကြားရာ တနင်္ဂနွေနေ့ ရုံးပိတ်ရက်ဖြစ်တဲ့အပြင် ညနေပိုင်းဖြစ်သဖြင့် ကျွန်တော်လည်း ဘာမှ မလုပ်ပေးနိုင်ခဲ့ပါ။ နောက်ရက် ၉-၁-၂၀၁၂ နေ့တွင် ယင်းကိစ္စအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးရုံး၊ နေပြည်တော်သို့ ဖုန်းဆက်မေးမြန်းအကြောင်းကြားခဲ့ပါတယ်။ ဝန်ကြီးရုံး ရုံးအဖွဲ့မှူးမှ မိမိတို့ဌာနအနေနဲ့ ချင်းပြည်နယ်အတွက် မည်သည့်သီးခြား ကန့်သတ်ချက်မျှမရှိ ပါကြောင်း ကောင်းမွန်စွာဖြေကြားပေးခဲ့ပါတယ်။ ချင်းပြည်နယ်အတွင်း နိုင်ငံခြားခရီးသည်များ လွတ်လပ်စွာသွားလာခွင့်မရရှိခဲ့သဖြင့် လူထုအော်သံ၊ လူထုဆန္ဒအရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင်တင်ပြခဲ့ရာ ယခုအချိန် မည်သည့်ကန့်သတ်ချက်မှမရှိကြောင်း အားလုံးအဆင်ပြေအောင်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးမှ ဖြေကြားပေးခဲ့ပြီးဖြစ်ပါတယ်။ ဝန်ကြီး၏ ဖြေကြားချက်အပေါ် ချင်းပြည်နယ်လူထုမှလည်း ကြိုဆိုဝမ်းသာကြပါတယ်။ သို့ရာတွင် လက်တွေ့ ယခုအခြေအနေတွင် အဆင်ပြေမှုမရှိဘဲ ယခု ဦးအေးမောင်ကိစ္စကဲ့သို့ပြဿနာများ အလားတူ ထပ်မံကြုံနေကြရသည်မှာ များနေပြီဖြစ်ကြောင်းသိရှိရပါတယ်။ မြန်မာပြည်သည် ဒီမိုကရေစီ ရရှိပြီးဖြစ်သော်လည်း ချင်းပြည်နယ်တွင် ဒီမိုကရေစီမသက်ရောက်သေးသကဲ့သို့ ဖြစ်နေပါတယ်။ ချင်းပြည်နယ်သည် အငြိမ်းချမ်းဆုံးပြည်နယ်ဖြစ်ပါတယ်။ အမျိုးသမီးများပင်လျှင် တစ်ဦးတည်း ခြေလျင်ဖြင့် တစ်ရက်၊ နှစ်ရက်ကြာခရီးသွားလာနေကြပါတယ်။ ဘာပြဿနာမှမရှိပါ။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအင်္ဂါရပ်နှင့်ပြည့်စုံ၍ နိုင်ငံခြားဝင်ငွေရရှိစေရန် နိုင်ငံတကာခရီးသွားများအား ဖိတ်ခေါ်ချိန် ငြိမ်းချမ်းလုံခြုံမှုရှိတဲ့ ပြည်နယ်တစ်ခုတွင် ယခုကဲ့သို့မလိုလားအပ်သည့် ကန့်သတ်ချက်ဘောင်များ ထားရှိနေသေးသည်မှာ အဟန့်အတားသဖွယ်ဖြစ်နေပါတယ်။ အကယ်၍ လက်ရှိအခြေအနေနဲ့ လျော်ညီခြင်းမရှိတော့သည့် ကန့်သတ်ချက်၊ အမိန့်၊ ညွှန်ကြားချက်များရှိပါကလည်း အမြန်ဆုံး ရုပ်သိမ်းပယ်ဖျက်သင့်ပါတယ်။ သို့ဖြစ်ပါ၍ အများပြည်သူသိရှိနားလည်နိုင်ရန်အလို့ငှာ (၁) နိုင်ငံခြား ခရီးသည်များ ချင်းပြည်နယ်သွားရန်အတွက် ကန့်သတ်ချက်များရှိနေသေးပါသလား။ (၂) ကန့်သတ်ချက် အမိန့်များရှိပါက မည်သည့်ဌာနက မည်သည့်ခုနှစ်၊ နေ့ကထုတ်ထားပါသလဲ။ မည်သည့်အကြောင်း

ပြုချက်ပါလဲ။ (၃) အကယ်၍ထောက်ခံချက်လိုပါက မည်သည့်ဌာန ထောက်ခံချက်လိုပါသလဲ။ ယင်းထောက်ခံချက်ကို ဘယ်နှစ်ရက်အတွင်းရရှိနိုင်ပါသလဲ။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင့်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ကျွန်တော် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းမှ ဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်းမှ နိုင်ငံခြားခရီးသည်များ ချင်းပြည်နယ်သွားရန်အတွက် ကန့်သတ်ချက် များရှိနေပါသေးသလား။ ကန့်သတ်ချက် အမိန့်စာများရှိပါက မည်သည့်ဌာနက မည်သည့် ခုနှစ်၊ နေ့ရက်က ထုတ်ထားပါသလဲ။ မည်သည့် အကြောင်းပြုချက်ပါသလဲ။ အကယ်၍ ထောက်ခံချက် လိုပါက မည်သည့်ဌာန ထောက်ခံချက်လိုပါသလဲ။ ယင်းထောက်ခံချက်ကို ဘယ်နှစ်ရက်အတွင်း ရနိုင်ပါသလဲ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ မေးခွန်းအပိုဒ် (၁) အနေနဲ့ နိုင်ငံခြားသားများ ခရီးသွားလာရေးနှင့်ပတ်သက်၍ နိုင်ငံခြားသား ခရီးသည်များအား ချင်းပြည်နယ်သို့ သွားရောက်ရန်အတွက် ကန့်သတ်ချက်များရှိပါတယ်။ ချင်းပြည်နယ်အပြင် အချို့သော တိုင်းဒေသကြီး/ပြည်နယ်များရှိ ဒေသများသို့ သွားလာရန်အတွက် လည်း ကန့်သတ်ချက်များ သတ်မှတ်ထားရှိပါတယ်။ မေးခွန်းအပိုဒ်(၂)အရ နိုင်ငံခြားသားများ၏ ခရီးသွားလှုပ်ရှားမှုများကို ထိန်းသိမ်းရန်အတွက် မည်သည့်ဒေသများသို့ မည်သည့်လမ်းကြောင်း၊ မည်သည့်ယာဉ်ဖြင့် သွားလာနိုင်ကြောင်း စည်းကမ်းသတ်မှတ်ချက်များပါရှိသည့် တည်ဆဲကန့်သတ် နယ်မြေဒေသသတ်မှတ်ချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့ ၁၉၉၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့စွဲပါ အမိန့်ဖြင့် နောက်ဆုံးထုတ်ပြန်ထားရှိခဲ့ပါတယ်။ မြန်မာနိုင်ငံအတွင်း ရောက်ရှိနေထိုင်လျက်ရှိကြတဲ့ အချို့သော နိုင်ငံခြားသားများသည် တရားဝင် ခွင့်ပြုချက်မရှိဘဲ နယ်စပ်ဒေသများကို ကျော်ဖြတ်ခြင်း၊ မြန်မာနိုင်ငံမှ အဖိုးတန်ပစ္စည်းများကို ပြည်ပသို့ ခိုးထုတ်ခြင်း ဖြစ်စဉ်များ၊ မြန်မာနိုင်ငံအတွင်းနိုင်ငံခြားသားသေဆုံးခြင်း ဖြစ်စဉ်များအပြင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးကို ထိခိုက်ပျက်ပြားစေမည့် ဖြစ်စဉ်များစသည့် မလိုလားအပ်သော

ဖြစ်စဥ်များကို မကြာခဏတွေ့ရှိရသဖြင့် နိုင်ငံခြားသားများ၏ ခရီးသွားလှုပ်ရှားမှုများကို ထိန်းသိမ်းရန် ကန့်သတ်နယ်မြေဒေသ သတ်မှတ်ချက်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါတယ်။ အဆိုပါအမိန့်အရ ချင်းပြည်နယ်သို့ ကမ္ဘာလှည့်ခရီးသည်နှင့် နိုင်ငံခြားသားဧည့်သည်များအား ကန့်သတ်၍ သွားရောက်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ မေးခွန်းအပိုဒ်(၃)အရ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် ရက်စွဲပါ အမိန့်ဖြင့် ကန့်သတ်နယ်မြေများ သတ်မှတ်ထားသော်လည်း ခွင့်ပြုဒေသများထက် ကျော်လွန်သွားရောက်လိုပါက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၏ တာဝန်ခံချက်ဖြင့် အထက်ဌာနသို့ တင်ပြခွင့်ပြုချက်ရရှိပါက ခွင့်ပြုခရီးစဥ်လမ်းကြောင်းများအတိုင်း သွားရောက်ခွင့်ပြုလျက်ရှိပါတယ်။ ခရီးသွားဧည့်သည်များ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် ၎င်းတို့ သွားရောက်လိုသည့် နယ်မြေဒေသ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း ရှိ၊ မရှိနှင့် လမ်းခရီးတစ်လျှောက် လုံခြုံရေးအခြေအနေတို့အပေါ် မူတည်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ တာဝန်ခံချက်၊ အထက်ဌာန၏ခွင့်ပြုချက်တို့နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုအခါ နိုင်ငံခြားသားများအား ကန်ပက်လက်၊ နတ်မတောင်၊ မင်းတပ်၊ အေးရွာစခန်း၊ ရမ်ဆီစခန်း၊ ၈ မိုင်စခန်း၊ ကနေဒီတောင်တို့အပြင် ဟားခါးမြို့နှင့်ဖလမ်းမြို့များကိုလည်း ခရီးသွားလာရေးလုပ်ငန်း လုပ်ကိုင်နေသည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ အစီအစဥ်နဲ့လှည့်လည်သွားလာရတဲ့ Package Tour Groupများ တစ်ဦးချင်းလွတ်လပ်စွာသွားလာနေတဲ့ F.I.T ခေါ် Foreign Independent Traveller ခရီးသည်နှစ်မျိုးစလုံးကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှာ ကြိုတင် ခွင့်ပြုချက်တင်ပြပြီးတော့ ခွင့်ပြုချက်ရယူပြီး သွားလာခွင့်ပြုထားပြီး ဖြစ်ပါတယ်။

ခရီးစဥ်တစ်လျှောက် လုံခြုံရေးဆောင်ရွက်ရခြင်းနှင့် အခြားမလိုလားအပ်သည့် ဖြစ်စဥ်များ မပေါ်ပေါက်အောင် ထိန်းသိမ်းရခြင်းတို့ကြောင့် ခရီးစဥ်ကို ခွင့်ပြုဆောင်ရွက်ရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တစ်ခုတည်းသာမကပဲ သက်ဆိုင်ရာဝန်ကြီးဌာနများပါဝင်သည့် ကော်မတီများက အဆင့်ဆင့်စိစစ်ခြင်း၊ နယ်မြေဒေသတွင်းရှိသည့် အဖွဲ့အစည်းအသီးသီးအား ကြိုတင်ပြီး အသိပေးညှိနှိုင်းအကြောင်းကြားရခြင်းတို့ပြုလုပ်ပြီး ခရီးသွားသည့်အခါမှာလည်း ခရီးစဥ်တစ်လျှောက်တွင် လိုင်စင်ရဧည့်လမ်းညွှန်များလိုက်ပါပြီး သွားလာခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာလှည့်ခရီးသည်များဖြစ်ကြတဲ့ ဂျာမနီ၊ နယူးဇီလန်၊ ဩစတြေးလျနိုင်ငံသားများဟာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ တာဝန်ခံချက်ဖြင့် အထက်ဌာနသို့ ခွင့်ပြုချက်ရယူပြီး ၂၀၁၂ ခုနှစ် နှစ်ဦးပိုင်းကာလမှာ ချင်းပြည်နယ် အစွန်အဖျားမြို့များဖြစ်သော တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ရေဇွာ၊ မတူပီနှင့် မင်းတပ်မြို့များအထိ ခွင့်ပြုချက်ဖြင့် သွားလာစေလျက်ရှိပါတယ်။

အမေရိကန်နိုင်ငံတွင်နေထိုင်သူ အမေရိကန်နိုင်ငံသား Citizen ရရှိသူ ချင်းလူမျိုး ဦးအေးမောင်နှင့် ပတ်သက်၍ အဆိုပါပုဂ္ဂိုလ်သည် ၁၉၉၉-၂၀၀၀ ခုနှစ်ခန့်မှာ မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် ထိုင်းနိုင်ငံသို့ တရားဝင်ထွက်ခွာခဲ့ပြီး မလေးရှားနိုင်ငံမှတစ်ဆင့် ဂူခံကျွန်းမှနေ၍ အမေရိကန်နိုင်ငံသို့ သွားရောက်ပြီး အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့သူဖြစ်ပါတယ်။ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်သည့် အမေရိကန်နိုင်ငံသား နိုင်ငံခြားသားတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံသို့ ဆိုရှယ်ဗီဇာလျှောက်ထားရောက်ရှိစဉ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုသို့ မြန်မာနိုင်ငံရှိ မည်သည့်ဒေသသို့သွားရောက်မည်ကို သတင်းပို့လျှောက်ထားပြီး အထက်ဌာန၏ခွင့်ပြုချက်ကိုရရှိချိန်မှသာ သွားရမည်ဖြစ်သော်လည်း ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်အားမဆောင်ရွက်ဘဲ ချင်းပြည်နယ်၊ ဟားခါးမြို့သို့သွားရောက်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားဧည့်သည်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးတံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်ခွင့်ပြုလျက်ရှိပြီး အဆိုပါနိုင်ငံခြားသားဧည့်သည်များအတွက် နိုင်ငံတော်အစိုးရမှသတ်မှတ်ကြော်ငြာထားသည့် အမည်ပျက်စာရင်း သတ်မှတ်ထားသူများပါရှိခြင်း ရှိ၊ မရှိကို သတင်းတပ်ဖွဲ့မှ စိစစ်ပြီး အမည်ပျက်စာရင်းတွင် မပါဝင်သူများကို သတ်မှတ်ဗီဇာစည်းကမ်းနှင့် ညီညွတ်ပါက နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်၊ လှည့်လည်သွားလာခွင့်နှင့် ကြည့်ရှုလေ့လာခွင့်တို့ကို ခွင့်ပြုပြီးဖြစ်ပါသည်။ အဆိုပါနိုင်ငံခြားသားဧည့်သည်များ ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံအနှံ့ လှည့်လည်သွားလာရာတွင်လည်း မြန်မာနိုင်ငံအနှံ့ရှိ ရဲတပ်ဖွဲ့အသီးသီးမှ တပ်ဖွဲ့ဝင်များက နေ့ညလုံခြုံမှုရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလုံခြုံမှုရှိစေရေးနှင့် ကူညီစောင့်ရှောက်နိုင်ရေးအတွက် ကမ္ဘာလှည့်ခရီးသည်များ စောင့်ရှောက်ရေးအဖွဲ့ကို သီးခြားဖွဲ့စည်းတာဝန်ပေးအပ်လျက်ရှိပါတယ်။ ချင်းပြည်နယ်သို့ ရောက်ရှိသွားသည့် နိုင်ငံခြားသားဧည့်သည်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ကန့်သတ်ခြင်း၊ တားမြစ်ခြင်းမရှိဘဲ လုံခြုံစိတ်ချစွာ လှည့်လည်သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာနယ်မြေခံရဲတပ်ဖွဲ့မှ အနီးကပ်လိုက်ပါ စောင့်ရှောက်ပေးလျက်ရှိပါတယ်။ နိုင်ငံခြားသားများနှင့် နိုင်ငံခြားသားအဖြစ်ခံယူထားသော ချင်းလူမျိုးများသည် ချင်းပြည်နယ်အတွင်းဝင်ရောက်လာမှုအား အထက်ဌာနအဆင့်ဆင့်၏ ခွင့်ပြုချက် ပါ၊ မပါကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအပြင် အခြားဌာနများမှလည်း ပူးပေါင်းစိစစ်ဖော်ထုတ်ပြီး အထက်ဌာနအဆင့်ဆင့်၏ ခွင့်ပြုချက်မပါရှိက ချင်းပြည်နယ်အတွင်းမှ ချက်ချင်းပြန်လည် ထွက်ခွာသွားစေရန်နှင့် ဆိုရှယ်ဗီဇာဖြင့် ချင်းပြည်နယ်အတွင်းသို့ ဝင်ရောက်လာမှုအား သီးခြားညွှန်ကြားချက်ထုတ်ပြန်

ထားခြင်းမရှိ၍ ဝင်ရောက်လာမှုရှိပါက ပြန်လည်ထွက်ခွာသွားစေရန် ချင်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးများတွင် ပြည်နယ်အစိုးရအဖွဲ့မှ လမ်းညွှန်မှုပြုထားပြီးဖြစ်ပါတယ်။ ယခုအခါ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးစဉ်စတင်တင်ပြချိန်မှ ခရီးစဉ်ခွင့်ပြုမိန့် ရရှိချိန်ထိ ရက်ပိုင်းအတွင်းခွင့်ပြုမိန့်ရရှိရေး တည်ဆဲဥပဒေများနှင့်အညီ ကြိုးစားဆောင်ရွက် ပေးလျက်ရှိပါတယ်။ ၎င်းအပြင် မူဆယ်၊ တာချီလိတ်၊ ကော့သောင်းနယ်စပ် ဝင်/ထွက်ပေါက်များရှိ ရုံးခွဲများမှလည်း အီးမေး၊ အင်တာနက်များတပ်ဆင်လျက် အချိန်တိုအတွင်းခရီးစဉ်ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ထောင်စုအစိုးရအသစ်၏ ပြောင်းလဲလာသော မူဝါဒများနှင့်အညီ သိပ်မကြာမီအချိန်ကာလအတွင်း ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံအတွင်းလည်ပတ်မည့် ကန့်သတ်ခရီးစဉ်များနှင့်ပတ်သက်၍ ကန့်သတ်ချက်များအား ဖြေလျှော့ပေးနိုင်ရေး ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လေ့လာသူများ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာနေလင်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးမေးမြန်း မယ့် မေးခွန်းကတော့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်ပတ်သက်ပြီးတော့ လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အခြေအနေနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းမယ့် အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ လက်ရှိကျန်းမာရေး စောင့်ရှောက်မှုစနစ်အရ ပြည်သူပြည်သားများ အသက်ရှည်စွာနဲ့ သက်တမ်းစေ့နေနိုင်ရေး နိုင်ငံတော် အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုကို နိုင်ငံတော်ပိုင်အခန်းကဏ္ဍ၊ ပုဂ္ဂလိကပိုင် အခန်း ကဏ္ဍတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးတက်မြင့်မားရေးနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း များရဲ့ ဆေးဝါးကုသမှုစွမ်းရည် တိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်ပြီး မေးမြန်းခြင်းဖြစ် ပါတယ်။ လက်ရှိမှာ ဒီရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ဖို့အတွက် လက်ရှိအခြေအနေမှာ ကျွန်တော်တို့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ်၊ ဥပဒေအမှတ် ၅ /၂၀၀၇ ဖြင့် ၅-၄-၂၀၀၇ ရက်နေ့မှာ ထုတ်ပြန် ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအားလုံးသိကြတဲ့အတိုင်း ဆရာဝန်တွေ၊ သူနာပြုတွေအားလုံးက

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးအပါအဝင်တိုင်းဒေသကြီး/ ပြည်နယ်များမှာ တာဝန်ထမ်းဆောင်နေတဲ့ အစိုးရဆေးရုံကြီးများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမကြီးများနှင့် ဆေးဝါးကျွမ်းကျင်သူများဟာ ကိုယ်ပိုင်ရလဒ်ဖြစ်တဲ့ မိမိရဲ့အားလပ်ချိန်မှာ ပုဂ္ဂလိကဆေးရုံကြီးများ၊ ဆေးရုံများ၊ ဆေးခန်းများမှာ အချိန်ပိုင်းဝင်ရောက်ပြီးတော့ တာဝန်ထမ်းဆောင် နေကြတာအားလုံးအသိဖြစ်ပါတယ်။ အဲလို တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေကတော့ ပြည်သူလူထုအနေနဲ့ တချို့သော ဆရာဝန်ကြီးများ၊ သူနာပြုများနဲ့ ပတ်သက်ပြီး အထွေထွေမကျေနပ်မှုတွေ၊ ဆေးဝါးကုသမှုဆိုင်ရာ မကျေနပ်ချက်တွေနဲ့ ပတ်သက်ပြီးတော့ သတင်း၊ ဂျာနယ်၊ မီဒီယာများမှာ ဖော်ပြနေမှု ဒီဖော်ပြချက်တွေပေါ် ဖြေရှင်းနေရတဲ့ အခြေအနေတွေ၊ တိုးတိုးတိတ်တိတ်ဖုံးဖုံးဖိဖိနဲ့ ဖြေရှင်းခဲ့ရတာတွေ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီကို ပေးပို့တိုင်ကြားလာတဲ့ တိုင်ကြားစာတွေကို ပြန်လည်ဆန်းစစ်ပြီးတော့ အခြေခံဖြစ်ရတဲ့ အကြောင်းအရင်းတွေကို လေ့လာဆန်းစစ်ကြည့်မယ်ဆိုရင် အထူးကုဆေးရုံကြီးများ၊ ဆေးခန်းများမှာ အချို့သော ဆရာဝန်များ၊ သူနာပြုများရဲ့ ပေါ့လျော့မှု၊ တာဝန်မသိမှု၊ အရည်အချင်းမပြည့်ဝမှု၊ မကျွမ်းကျင်မှုနဲ့ ရောဂါရှာဖွေစစ်ဆေးရေးများအပိုင်းမှာလည်း တိကျမှန်ကန်မှုအားနည်းခြင်း နောက်ရောဂါကို တိကျစွာဖော်ထုတ်နိုင်မှုအားနည်းခြင်းနှင့် လူနာရှင်နှင့်မိသားစုတွေအပေါ် ရောဂါအခြေအနေ၊ စစ်ဆေးကုသမှုအခြေအနေတွေကို တိတိကျကျမှန်မှန်ကန်ကန် ရှင်းလင်းပြောဆိုရမယ့်အပိုင်းအားနည်းမှုတွေ အစရှိသည်ဖြင့် လူမှုဆက်ဆံရေးအပိုင်းမှာ အားနည်းချက်များကြောင့် အရည်အသွေးရော၊ အရည်အချင်းရော ကျဆင်းရတဲ့အကြောင်းရင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် Quality Of Medical Care ကျဆင်းမှုဟာ တချို့သောပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများအနေနဲ့ ငြင်းပယ်၍မရတဲ့အချက်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုရဲ့ အားကိုးယုံကြည်မှုရရှိစေဖို့၊ မလိုလားအပ်သောအမှုအခင်းများ လျော့နည်းကျဆင်းစေဖို့နဲ့ ဆေးကုသမှုစွမ်းရည် တိုးတက်မြင့်မားစေရေးဟာ အလွန်အရေးကြီးကြောင်း လေ့လာစစ်ဆေးတွေ့ရှိရပါတယ်။ လက်ရှိမှာ ဆေးကုသမှုခံယူနေတဲ့ လူနာတွေဟာ ကျွန်တော်တို့ရဲ့ ပြည်သူလူထုတွေဖြစ်တဲ့အပြင် ကျွန်တော်တို့ ဆရာဝန်တွေ၊ သူနာပြုတွေ တင့်တောင်းတင့်တယ်နေနိုင်ဖို့အတွက် ကျေးဇူးပြုနေကြတဲ့ ကျေးဇူးရှင်တွေဖြစ်တယ်ဆိုတဲ့ အကြောင်းကိုတော့ သတိပြုရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကုသမှုစွမ်းရည်များတိုးတက်မြင့်မားစေဖို့နဲ့ ပြည်သူလူထုအတွင်း အားကိုးယုံကြည်မှုတွေရဖို့၊ မလိုလားအပ်တဲ့အမှုအခင်းတွေ လျော့နည်းကျဆင်းစေဖို့အတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေအခန်း(၄) ပုဒ်မခွဲ ၅၊ အခန်း(၁၁) ပုဒ်မခွဲ ၂၂ တွင်ဖော်ပြထားချက်များနှင့်အညီ အမှန်တကယ်လက်တွေ့ဆောင်ရွက်ပေးရန်

လိုအပ်နေတဲ့အတွက်ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေများနှင့်အညီ မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန် လက်ရှိအခြေအနေနှင့်ကိုက်ညီစေရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါ တယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်းရဲ့မေးခွန်းဟာ အင်မတန်ပဲလျော်ကန်သင့်မြတ်ပြီးတော့ အမှန်တကယ်ဆွေးနွေးမယ် ဆိုရင်တော့ နေ့တစ်ဝက်လောက် ဒါမှမဟုတ်လည်း Work Shop လေးတစ်ခုလောက်လုပ်သင့်တဲ့ ကိစ္စလေးတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ အဓိက ကဏ္ဍကြီးတွေကို ခွဲပြီးတော့ကြည့်မယ်ဆိုရင် နံပါတ်(၁)ကတော့ နိုင်ငံတော်ပိုင်းဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကဆောင်ရွက်နေတာပါ။ နောက်တစ်ခုကတော့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း များဖြစ်ပါတယ်။ နောက်တစ်ခုကတော့ INGO, NGO တွေက ဆောင်ရွက်နေတဲ့လုပ်ငန်းများဖြစ်ပါ တယ်။ နောက်တစ်ခုကတော့ ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များကနေပြီးတော့ ကုသမှုတွေပေးနေတဲ့ လုပ်ငန်းတွေလို့ အကြမ်းဖျင်းခွဲလို့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်ရဲ့ ကျန်းမာရေးမူဝါဒ တွေနှင့်အညီ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ တိုးတက်ဖြစ်ထွန်းစေရန် အမျိုးသား ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက အစိတ်အပိုင်းတစ်ရပ် အဖြစ်နဲ့ စနစ်တကျပါဝင်ဆောင်ရွက်နိုင်စေရန် မိဘပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှု ပေးရာမှာ ပုဂ္ဂလိကကဏ္ဍရဲ့စွမ်းအားအရင်းအမြစ်တွေကို ထိရောက်စွာအသုံးပြုစေရန်၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ပေးခြင်းအားဖြင့် ပြည်သူများက မိမိတို့ရဲ့ကျန်းမာရေး လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ရေးအတွက် စိတ်ကြိုက်ရွေးချယ်ခွင့်ရရှိစေရန်၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကလည်း ပြည်သူများအတွက် မျှတသောစရိတ်နဲ့ အရည်အသွေးမြင့်မားတဲ့ ဝန်ဆောင်မှုပေးနိုင်စေရန် တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေရန်စတဲ့ရည်ရွယ်ချက်တွေနဲ့ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကိုပြဋ္ဌာန်းပြီးတော့ ကျန်းမာရေးလုပ်ငန်းများ စနစ်တကျတိုးတက်

ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီတော့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလို့ ခြုံပြောနေပေမယ့် တကယ့်တကယ်ကျတော့ အမျိုးအမျိုးကွဲပြားတာရှိပါတယ်။ ဆရာဝန်ဖြစ်ခါစမှာ ဆရာဝန်လေးတွေထိုင်တဲ့ GP ဆေးခန်းလေးတွေပေါ့။ ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလို့ ခေါ်ပါတယ်။ တစ်ယောက်ချင်း၊ တစ်ယောက်ချင်း MBBS ဆရာဝန်လေးတွေထိုင်နေကြတာ။ နောက်တစ်ခုကတော့ Specialist Of ဖြစ်ပြီး ဆေးခန်းကြီးတွေကို သွားမထိုင်ဘဲနဲ့ ကိုယ်ဘာသာကိုယ် Own Specialist Clinic ကလေးတွေဖွင့်တဲ့ ပုဂ္ဂလိကအထူးကုဆေးခန်းလုပ်ငန်းဆိုတာလည်း ရှိပါတယ်။ အဲဒီနောက်မှာ ပုဂ္ဂလိကအထွေထွေရောဂါကုဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိကအထူးကုဆေးရုံ လုပ်ငန်း၊ ပုဂ္ဂလိကသားဖွားခန်းလုပ်ငန်း၊ ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်း၊ ပုဂ္ဂလိကသူနာပြုစုရေးဂေဟာလုပ်ငန်း၊ ပုဂ္ဂလိကနယ်လှည့်ကျန်းမာရေးလုပ်ငန်း၊ ပုဂ္ဂလိကကျန်းမာရေးအကျိုးဆောင်လုပ်ငန်းနဲ့ ပုဂ္ဂလိကအထွေထွေကျန်းမာရေးလုပ်ငန်းစသည်ဖြင့် အမျိုးမျိုးကွဲပြားတာတွေလည်း ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ကတော့ အထက်ဖော်ပြပါ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများအလိုက်တိုးတက်ဖြစ်ထွန်းစေရန် လုပ်ငန်းအသီးသီး ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်း အခုလက်ရှိ ပုဂ္ဂလိကဆေးရုံတွေမှာ အဓိကတာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်သူဝန်ထမ်းအများစုဟာ ကျန်းမာရေးဝန်ကြီးဌာနကဖွင့်လှစ်ထားတဲ့ ပြည်သူ့ဆေးရုံကြီးများမှာ အများစုဖြစ်နေတဲ့အတွက် ပုဂ္ဂလိကဆေးရုံတွေမှာတက်နေတဲ့ ဆေးခန်းမှာတက်နေတဲ့လူနာများလိုအပ်တဲ့ အချိန်မှာလိုအပ်သလို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့အခက်အခဲများရှိတယ်ဆိုတာလည်းမှန်ပါတယ်။ ဒါကြောင့်မို့လို့ အခုအချိန်မှာ ကျွန်တော်တို့အနေနဲ့ ပုဂ္ဂလိကဆေးရုံများမှာ အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်မယ့် တာဝန်ကျဆရာဝန်၊ အထူးကုဆရာဝန်များဆီမှာ Residential Medical Officer, Residential Specialist စသည်ဖြင့် သက်ဆိုင်ရာဆေးခန်းရဲ့အထိုင်အထူးကုကို တိုးတက်ခန့်ထားပြီးတော့ ဆောင်ရွက်ပေးနိုင်ဖို့ကို ကျွန်တော်မှာကြားဆောင်ရွက်လျက်ရှိပါတယ်။ သူနာပြုများရဲ့ သူနာပြုအရည်အသွေးတိုးတက်လာစေရန်အတွက်လည်း ပုဂ္ဂလိကဆေးရုံများမှာ နိုင်ငံတော်သူနာပြုသားဖွားသင်တန်းကျောင်းများက ဘွဲ့ရပြီးသား Trained Nurses and Midwife ကိုသာ ခန့်ထားဆောင်ရွက်ရန်နှင့် သူနာပြုအကူတွေကို သူနာပြုအကူအဖြစ်နှင့်သာတာဝန်ပေးပြီးတော့ သူနာပြုအဆင့်တာဝန်ပေးခြင်းမပြုရန်လည်း ညွှန်ကြားပြီးတော့ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်ကလည်း ပုဂ္ဂလိကကျန်းမာရေးအလုပ်သင်တွေဟာ တချို့ပြောကြတယ်။ ပိုက်ဆံရှိတဲ့သူတွေကို အဲဒီဘက်ကို သွားကုလိမ့်မယ်။ ကျွန်တော်တို့

ဆေးရုံမှာရှိတဲ့ ငွေကြေးတတ်နိုင်သူတွေ အဲဒီဘက်ကိုသွားလိမ့်မယ်။ ဒီလိုမျိုးကျန်းမာရေးဝန်ကြီးဌာန အနေနဲ့ အမြင်မရှိပါဘူး။ ပိုက်ဆံချမ်းသာတဲ့လူတွေ၊ တတ်နိုင်တဲ့သူတွေကို ပုဂ္ဂလိကအခန်းကဏ္ဍက ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဆေးရုံ၊ ဆေးခန်းများအနေနဲ့ မတတ်နိုင်တဲ့လူ၊ ချို့တဲ့တဲ့လူတွေကိုပိုမိုကုသနိုင်မှာပဲဖြစ်တယ်။ ကျွန်တော်တို့ရဲ့ Work Load ကို တစ်ဖက်တစ်လမ်းကူထမ်းပေးတဲ့ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ကျွန်တော်တို့ အနေနဲ့ တိုးတက်စေချင်တဲ့စိတ်အများကြီးရှိပါတယ်။ အဲဒီတော့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း လုပ်တဲ့အခါမှာ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ပြည်သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာ အထောက်အကူဖြစ်ဖို့အတွက် ရည်ရွယ်ချက်တူ၊ လုပ်ငန်းတူလုပ်ကိုင်သူများ အချင်းချင်း အားနည်းချက်၊ အားသာချက်များကို ထောက်မဖေးကူသွားနိုင်ရန်အတွက် ပုဂ္ဂလိက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ကျန်းမာရေးမူဝါဒများနှင့်အညီ နိုင်ငံနဲ့လူမျိုးရဲ့ အကျိုးကို ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းရှင်အသင်း ဖွဲ့စည်းရန်အတွက်ကို ကျန်းမာရေးဝန်ကြီးဌာနက အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါမှာ လူကြီးမင်းတို့ သိကြပြီးတဲ့အတိုင်း ပြီးခဲ့တဲ့တစ်ပတ်ကျော်လောက်ကပဲ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း ဖွဲ့စည်းနိုင်ရေးအတွက် အထွေထွေမျက်နှာစုံညီအစည်းအဝေးကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များ ၁၃၀ ကျော်စာရင်းပေါက်တာ ၉၀ ကျော်တက်ပါတယ်။ ရန်ကုန်၊ မန္တလေး၊ ပြည်နယ်နှင့်တိုင်းမြို့ကြီးတွေအပြင် ဖားကန့်အထိ ချောင်တွေထဲမှာပါပါတယ်။ လှိုင်လင် ပါပါတယ်။ ဒီလိုဆေးရုံတွေကနေ ၉၀ ကျော်တက်ပြီးတော့ ၂-၃-၂၀၁၂ ရက်နေ့မှာ ရန်ကုန်မြို့မှာရှိတဲ့ UMFCCI (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်)မှာ ကျင်းပနိုင်ခဲ့ပြီးတော့ ဒီအသင်းအမှုဆောင်အဖွဲ့ကိုလည်း ၁၅ ဦးနှင့်ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဲ့ဒီလို အသင်းဖွဲ့စည်းမှုကို တွန်းအားပေးရတဲ့ အကြောင်းရင်းက တစ်ယောက်ချင်း၊ ဆေးရုံတစ်ရုံချင်းကို ဆက်ဆံရတာထက် သူတို့အသင်းအဖွဲ့နဲ့ ကျန်းမာရေးဝန်ကြီး ဌာနနဲ့ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီနဲ့ ညှိနှိုင်းပြီးတော့ တိုးတက်ရာတိုးတက်ကြောင်းကိုလည်း ဆောင်ရွက်နိုင်ဖို့အတွက် တွန်းအားပေးပြီးတော့ အဖွဲ့အစည်း ဖွဲ့ဖို့ ကျွန်တော်တို့ကနေပြီး အားပေးတာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီအဖွဲ့အစည်းအနေနဲ့လည်း ကျွန်တော်တို့အနေနဲ့က တစ်ချိန်က ကုသရေးပိုင်းမှာပဲတာဝန်ယူခဲ့တဲ့ ပုဂ္ဂလိကအခန်းကဏ္ဍဟာ အခုအချိန်မှာ Training ကိုပါ တာဝန်ယူသင့်တဲ့အကြောင်းလည်းတိုက်တွန်းထားပါတယ်။ ဘာဖြစ်လဲ ဆိုတော့ အခုချိန်ထိဟာ ပုဂ္ဂလိကဆေးရုံများသည် နိုင်ငံတော်က Trained လုပ်ထားသော ဆရာဝန်၊

သူနာပြုများကိုသာ အရန်သင့်အသုံးပြုနေတာဖြစ်ပါတယ်။ Training အတွက် သူတို့စရိတ် တစ်ပြားတစ်ချပ်မှ ကုန်ကျတာမဟုတ်ပါဘူး။ တစ်ချိန်က ကျွန်တော်အပါအဝင် ဆရာဝန်ကြီးများသည် ပုဂ္ဂလိကဆေးခန်းများမှာ ကျွန်တော်တို့ သွားထိုင်ပေးကြပြီးတော့ စမ်းသပ်ခလေးတွေနဲ့ နေတဲ့အခါမှာ ပုဂ္ဂလိကဆေးရုံများသည် အကျိုးအမြတ်လည်း ရသင့်ရထိုက်သလောက် ရပြီးဖြစ်တဲ့အတွက် နံပါတ်(၁)က Training ကိစ္စမှာ ဝင်ရောက်ကူညီဖို့ တိုက်တွန်းထားပါတယ်။ နောက်တစ်ချက် ကလည်း တခြားနိုင်ငံများမှာလိုပဲ တစ်ဖက်ကပိုက်ဆံရဖို့အတွက်လုပ်တယ်။ တစ်ဖက်ကလည်း Community Service တော့ ပေးသင့်တယ်လို့ တိုက်တွန်းခဲ့ပါတယ်။ တချို့တိုးတက်တဲ့နိုင်ငံတွေမှာ ဆိုရင် ပုဂ္ဂလိကဆေးရုံ Private Hospitalize ရှိသလို Wing တစ်ခုလောက်ကို အခမဲ့ဆေးရုံရှိတဲ့ Community ကလူနာတွေအတွက်ကို အခမဲ့ကုသပေးတဲ့ Wing ကလေးတွေထားခြင်းအားဖြင့် Community Service ကိုအားပေးရာရောက်ပါတယ်။ အဲဒီအတွက်လည်း တွန်းအားပေးဆောင်ရွက်နေပါတယ်။ ၂၀၁၅ ခုနှစ်မှာ အာဆီယံစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက်လည်း ပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များအသင်းဖွဲ့ပြီးတော့ မကြာခင်မှာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ပြည်ထဲရေးကနေပြီးတော့ အသင်းအဖွဲ့မှတ်ပုံတင်ပြီးလို့ရှိရင် Training ကိစ္စရော၊ Service ကိစ္စရော၊ Researchကိစ္စရောပါဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အချုပ်ဖြေရရင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများရဲ့ ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေး ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် လက်ရှိပုဂ္ဂလိကကျန်းမာရေးဆိုင်ရာ ဥပဒေအတိုင်း ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ ဥပဒေပုဒ်မတွေအတိုင်း လက်ရှိမှာလည်းဆောင်ရွက်နေပါတယ်။ တချို့အကောင်အထည်မဖော်ရသေးတာကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမှာပဲဖြစ်ပါတယ်။နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီအခြားလိုအပ်မည့်အချက်များကိုလည်း လာမယ့် နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲတဲ့အခါမှာ ထည့်သွင်းရေးဆွဲဆောင်ရွက်သွားမှာဖြစ်တဲ့ အကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (ဩဘာသံများ)

**ဘွဲ့ရလူငယ်များအတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူ နိုင်ငံသားများ၏အကျိုးကို အစဉ်ထာဝရ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဆိုင်ရာမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏မေးမြန်းချက်အား ဖတ်ကြားမေးမြန်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့မြန်မာနိုင်ငံတွင် အင်္ဂလိပ်စာဘာသာရပ် သင်ကြားရာ၌ သူငယ်တန်းမှ တက္ကသိုလ်အထိ အတန်းတိုင်း ဘာသာရပ်တစ်ခုအနေနဲ့ သင်ကြားခဲ့သော်လည်း ဘွဲ့ရလူငယ်အများစု၏ အင်္ဂလိပ်စာတတ်မြောက်မှုအရည်အသွေး သင့်တင့်ရုံအဆင့်သို့ပင် ရောက်ရှိခြင်းမရှိကြောင်းကို တွေ့ရှိရပါတယ်။ အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးနိုင်၊ ဖတ်နိုင်၊ ပြောနိုင်ရန်အတွက် ပုဂ္ဂလိကသင်တန်းများ တက်ရောက်သင်ကြားမှသာလျှင် တတ်မြောက်နေသည်ကိုလည်း တွေ့ရပါတယ်။ ထိုသို့ဖြစ်နေခြင်းမှာ သင်ရိုးညွှန်းတမ်း၏ အားနည်းချက်၊ ဆရာ/ဆရာမများ၏ အားနည်းချက်၊ ကျောင်းသားကျောင်းသူများ၏ လေ့လာအားထုတ်မှုအားနည်းချက်များအား စနစ်တကျလေ့လာနိုင်ရန် အင်္ဂလိပ်စာကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်နိုင်ရေးအတွက် သက်ဆိုင်ရာပညာရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်သွားရန်နှင့် မည်ကဲ့သို့ပြုပြင်ပြောင်းလဲမှုအစီအမံများ ဆောင်ရွက်သွားရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုပါကြောင်း လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ ပညာရေးဆိုင်ရာ မေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဖတ်ပြပါမယ်။ မေးမြန်းချက်ကတော့ ယနေ့ မြန်မာနိုင်ငံတွင် အင်္ဂလိပ်စာဘာသာရပ်သင်ကြားရာ၌ သူငယ်တန်းမှ တက္ကသိုလ်အထိ အင်္ဂလိပ်စာတတ်မြောက်မှု အရည်အသွေးသင့်တင့်ရုံအဆင့်သို့ပင် ရောက်ရှိခြင်းမရှိကြောင်း တွေ့ရှိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ သင်ရိုးညွှန်းတမ်း၏ အားနည်းချက်၊ ဆရာ ဆရာမများ၏ အားနည်းချက်၊ ကျောင်းသားကျောင်းသူများ၏ လေ့လာအားထုတ်မှုအားနည်းချက်မှ စနစ်တကျလေ့လာနိုင်ရန် အင်္ဂလိပ်စာကျွမ်းကျင်ပိုင်နိုင်လေ့လာနိုင်ရန်အတွက် သက်ဆိုင်ရာ ပညာရှင်များနှင့်

အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်သွားရန်နှင့် မည်ကဲ့သို့ အစီအမံဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုရင် (၁) မြန်မာနိုင်ငံတွင် အင်္ဂလိပ်စာဟာ နိုင်ငံတကာသုံးဘာသာစကား(International Language)အဆင့်သာရှိပြီး ဒုတိယဘာသာစကား(Second Language)အဆင့် မရှိသေးသဖြင့် အခြေခံပညာကျောင်းများတွင် စာသင်ခန်းများမှာ ဘာသာစကား(Classroom Language)အဖြစ်သာ အသုံးပြုလျက်ရှိပါကြောင်းတွေ့ရှိရပါတယ်။ (၂) သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ ကျယ်ပြန့်စွာ ပြောင်းလဲတိုးတက်လာမှုအရ အခြေခံပညာမူလတန်း၊ အလယ်တန်းမှစ၍ နိုင်ငံတကာသုံးဘာသာဖြစ်သည့် အင်္ဂလိပ်စာနှင့် သိပ္ပံအခြေခံဖြစ်တဲ့ သင်္ချာစွမ်းရည်များ မြင့်မားတိုးတက်လာရန် လိုအပ်သဖြင့် အခြေခံပညာမူလတန်းနှင့် အလယ်တန်း အင်္ဂလိပ်စာ နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ၂၀၀၈-၂၀၀၉ အရင်ပညာရေးဝန်ကြီးဌာနလက်ထက်မှာ စပြီးတော့ နှစ်စဉ်ကျင်းပပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာ ကျောင်းအလိုက်ရက်သတ္တပတ်တွင် တစ်နေ့ကို အင်္ဂလိပ်စကားပြောနေ့ (Speaking day) အဖြစ်သတ်မှတ်၍ ကျောင်းဝင်းအတွင်း အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုလေ့ကျင့်ပေးနိုင်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ (၃) အင်္ဂလိပ်စာ နှင့် သင်္ချာစွမ်းရည်မြင့်မားရေးအတွက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းအလိုက် အင်္ဂလိပ်စာနှင့် သင်္ချာသင်ကြားမှု စွမ်းရည်မြင့်မားရေး မွမ်းမံသင်တန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာအရ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ မူလတန်းသင် ဆရာ ဆရာမအားလုံးနှင့် အလယ်တန်းနှင့် အထက်တန်းအဆင့် အင်္ဂလိပ်စာ နှင့် သင်္ချာဘာသာပြ ဆရာ ဆရာမများအားလုံးကို လေ့ကျင့်သင်တန်းပေးခဲ့ပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှစ၍ အခြေခံပညာကျောင်းအလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ (၄) အင်္ဂလိပ်စာစွမ်းရည်မြင့်မားတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော INGO အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ အင်္ဂလိပ်စာကို မိခင်ဘာသာအဖြစ် အသုံးပြုနေသည့် ဆရာ ဆရာမများဖြင့် ပညာရေးကောလိပ် များနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေး နိုင်ငံခြားပညာသင်ဌာနများမှ ကမ်းလှမ်းလာသည့် အင်္ဂလိပ်စာကျွမ်းကျင်မှုပညာသင်ဆု၊ သက်ဆိုင်ရာ သင်တန်းများသို့ ဆရာ ဆရာမများအား စေလွှတ်တက်ရောက်နိုင်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ မကြာခဏလည်း စေလွှတ်လျက်ရှိပါတယ်။ (၅) ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပထမနှစ်သင်တန်းများမှစ၍ ဘွဲ့ကြို သင်တန်းကာလကို တစ်နှစ်တိုးမြှင့် သတ်မှတ်ပြီး ဖြစ်ရာ ပထမနှစ်မှစ၍ စတုတ္ထနှစ်အထိ အထူးပြုဘာသာရပ်များအားလုံးမှာ အင်္ဂလိပ်စာဘာသာရပ်ကို

မသင်မနေရ ဘာသာရပ်အဖြစ် သင်ကြားပို့ချရန် ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ပို့ချရန်အတွက် သင်တန်းနှစ်အလိုက် နိုင်ငံတကာအဆင့်မီ အင်္ဂလိပ်စာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို ရန်ကုန်တက္ကသိုလ်၌ တစ်နိုင်ငံလုံးရှိ တက္ကသိုလ် ဒီဂရီကောလိပ်များမှ အင်္ဂလိပ်စာဘာသာရပ် ပါမောက္ခ/ဌာနမှူးများပါဝင်သော အင်္ဂလိပ်စာဘာသာရပ်သင်ကြားရေးအဖွဲ့(Board of Study)မှ ရေးသား ပြုစုလျက်ရှိပါတယ်။ (၆) တက္ကသိုလ်များမှာ အသစ်ခန့်အပ်သည့် အင်္ဂလိပ်စာနည်းပြများ အတွက်လည်း သင်တန်း၊ မွမ်းမံသင်တန်းများကိုလည်းကောင်း၊ အသစ်ခန့်အပ်သော ဘာသာရပ် အလိုက် သရုပ်ပြ၊ နည်းပြများအတွက် English Language Course for High Education Teaching သင်တန်းများကိုလည်းကောင်း၊ ပါရဂူဘွဲ့သင်တန်းများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများ ကိုလည်းကောင်း၊ အခြေခံပညာကျောင်းများမှ အင်္ဂလိပ်စာဘာသာပြဆရာများအတွက် နွေရာသီ အင်္ဂလိပ်စာမွမ်းမံသင်တန်းများ၊ Global English သင်တန်းများ၊ SIMEO အင်္ဂလိပ် သင်တန်းများကိုလည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ (၇) မြန်မာ-အိန္ဒိယအင်္ဂလိပ်စာ လေ့ကျင့်ရေးဗဟိုဌာန (MIECLE MICELT) တွင် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ အင်္ဂလိပ်စာသင်တန်း ၁၃ ကြိမ် ဖွင့်လှစ်ပေးခဲ့ပါသည်။ အဲဒီမှာ အင်္ဂလိပ်စာ စာပြဆရာ ဆရာမများ၊ အရာထမ်းများ၊ ကျောင်းသားကျောင်းသူစုစုပေါင်း ၅၄၈ ဦးတက်ရောက်ခဲ့ပြီး သင်တန်း လက်မှတ် ရရှိပြီးဖြစ်ပါတယ်။ (၈) ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားတဲ့ မြန်မာ-စင်္ကာပူသင်တန်းကျောင်းမှာ လည်း အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဆရာ ဆရာမများအား စေလွှတ်တက်ရောက်စေလျက်ရှိပါတယ်။ (၉) ပညာရေး ကဏ္ဍအဆင့် မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်၊ မေလ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပ ပေးခဲ့ရာ အဆင့်မြင့်ပညာကဏ္ဍအတွက် ကျွမ်းကျင်ပညာရှင် ၁၁ ဦး၊ အခြေခံပညာကဏ္ဍအတွက် ကျွမ်းကျင်ပညာရှင် ၈ ဦးတို့က အုပ်စုအလိုက်အဖွဲ့များဖွဲ့၍ ဆွေးနွေးအကြံပြုကြပါတယ်။ အဆိုပါ အကြံပြုချက်များတွင် အင်္ဂလိပ်စာအရည်အသွေးတိုးတက်မြင့်မားရေးအတွက်ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြထားတာရှိပါတယ်။ (၁၀) သို့ဖြစ်၍ ကျောင်းသားကျောင်းသူများ၏ အင်္ဂလိပ်စာ ကျွမ်းကျင်မှုအရည်အသွေးမြင့်မားတိုးတက်စေရန် လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး ဆွေးနွေးပွဲရလဒ်များအဖြစ် ဆက်လက်တိုးချဲ့ ဆောင်ရွက်မည့် အင်္ဂလိပ်စာကျွမ်းကျင်မှု အရည်အသွေးမြင့်မားရေးလုပ်ငန်းများကိုလည်းကောင်း ဆက်လက် ဆောင်ရွက်သွားရန်ရှိပါသဖြင့် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ သီးခြားအလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြု

လုပ်ရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေသခံပြည်သူများ မူလဒေသတွင်အခြေချနေထိုင်နိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်း(မံစီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင်ဖြစ်သလို ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော့်အနေနဲ့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ မံစီမြို့နယ်ဟာ စစ်ဘေးစစ်ဒဏ်အခံရဆုံးဒေသဖြစ်တဲ့အတွက် ပဋိပက္ခကြောင့်တိမ်းရှောင်လာသော ဒုက္ခသည်များရဲ့ကိုယ်စား ဤမေးခွန်းကို မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ KIO, KIA အဖွဲ့များနှင့် အစိုးရတပ်များပဋိပက္ခတိုက်ပွဲကြီးငယ်များ နေရာအနှံ့အပြားဖြစ်ပွားခဲ့ပါတယ်။ တိုက်ပွဲဖြစ်ပွားမှုများဟာ ဝိုင်းမော်၊ ဗန်းမော်၊ မိုးမောက်၊ မံစီဒေသများမှာ အဆိုးဝါးဆုံးဖြစ်ပြီး မြစ်ကြီးနား၊ ပူတာအို၊ ချီဖွေ၊ ဆော့လော်၊ ဆွမ်ပရာဘွမ်၊ ဖားကန့်မြို့နယ်များမှာလည်း တိုက်ပွဲငယ်များဖြစ်ပွားခဲ့ပါတယ်။ ဒေသအတွင်းရှိ တံတားများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ သာသနာအဆောက်အအုံများနှင့် လူနေအဆောက်အဦများ များစွာဆုံးရှုံးခဲ့ရပါတယ်။ လက်နက်ကိုင်ပဋိပက္ခကြောင့် ဒေသခံပြည်သူများဟာ အစဉ်အမြဲစိုးရိမ်ထိတ်လန့် ကျီးလန့်စာစားဖြစ်ခဲ့ရပြီး တစ်နေရာမှ တစ်နေရာသို့ ဖြတ်သန်းသွားလာခွင့် မရှိကြတော့ဘဲ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်လျက်ရှိပါတယ်။ သိုလှောင်ထားတဲ့ဝမ်းစာစပါးများနဲ့ စိုက်ပျိုးထားတဲ့သီးနှံများ ပျက်စီးဆုံးရှုံးရခြင်းကြောင့် စားဝတ်နေရေးများကလည်း အကြပ်အတည်းဖြင့် ရင်ဆိုင်နေကြရပါတယ်။ ပြည်နယ်အတွင်း တိုက်ပွဲများကြောင့် စာသင်ကျောင်းများ အတော်များများကိုလည်း ပိတ်ထားရသည့်အတွက် ဒေသအတွင်းရှိ ကျောင်းသူကျောင်းသားများရဲ့ ပညာရေးမှာလည်း များစွာထိခိုက်နစ်နာနေလျက် ရှိကြပါတယ်။ ကလေး၊ လူကြီးများအားလုံး ဘဝလုံခြုံမှုစိတ်ချရခြင်းမရှိရတဲ့အချိန်မှာ များစွာထိတ်လန့် နေထိုင်ခဲ့ကြရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူများဟာ အခုလို လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲများကြောင့် ခံစားနေကြရတဲ့ ဆိုးရွားခါးသီးမှုအခြေအနေအရပ်ရပ်ကြောင့် မိမိရပ်ရွာများကို စွန့်ခွာပြီး ဒေသလုံခြုံမှုကယ်ဆယ်ရေးစခန်းများမှာ သွားရောက်ခိုလှုံနေကြရပါတယ်။ ကချင်ပြည်နယ်အတွင်း မြို့နယ် ၁၁ မြို့နယ်မှာ ကယ်ဆယ်ရေးစခန်း ၆၀ ကျော်ဖွင့်လှစ်ထားပြီးတိမ်းရှောင်လာသူပေါင်းဟာ ၄၀၀၀၀ ကျော် ရှိပါတယ်ခင်ဗျား။ ၎င်း ၄၀၀၀၀ ကျော် ဒုက္ခသည်များကိုလည်း ပြည်နယ်အစိုးရအနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးမှု၊ ကောင်းစွာကူညီစောင့်ရှောက်ထားပေးမှု ရှိပါတယ်။ ကျန်းမာရေးနဲ့ ဒဏ်ရာရသူများကိုလည်း အခမဲ့ကူညီစောင့်ရှောက်ပေးမှုအပြင် အစိုးရဌာနများ၊ ပြည်တွင်းလူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ လူမှုရေးအထောက်အပံ့ပစ္စည်းများကိုလည်း ခွဲဝေထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အဲဒီလို ကူညီထောက်ပံ့မှုရရှိသည့်အပြင် ဒေသစွန့်ခွာတိမ်းရှောင်သူများအနေနဲ့ ယာယီကယ်ဆယ်ရေးတန်းလျားများမှာ ရက်လကြာမြင့်စွာ နေထိုင်နေသည့် ဒုက္ခအခက်အခဲပေါင်းများစွာ ရင်ဆိုင်နေရသဖြင့် ဆက်လက်နေထိုင်လိုခြင်းမရှိကြဘဲ မိမိတို့ဒေသထံသို့သာ ပြန်လည်အခြေချနေထိုင်လိုစိတ်များ ပြင်းပြစွာရှိနေကြောင်းလည်းသိရပါတယ်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရ အဖွဲ့မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်သည့် ကြေညာစာတမ်းတစ်စောင်ဖိတ်ခေါ်ခဲ့ပါတယ်။နိုင်ငံတော်သမ⊞မတကြီးမှလည်း တပ်မတော်သားများအား ကချင်ပြည်နယ်အတွင်းရှိ မိမိတပ်များအနေဖြင့် ကာကွယ်ရုံမှအပ KIA တပ်စခန်းများအား ချီတက် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းမပြုရန် ညွှန်ကြားချက်ကိုလည်း ထုတ်ပြန်ပေးထားသည်ကို သိရှိရပါတယ် ခင်ဗျား။ အလျဉ်းသင့်လို့ ငြိမ်းချမ်းရေးကိစ္စနှင့် ပတ်သက်လို့ အနည်းငယ်ဆွေးနွေးတင်ပြလိုပါတယ်။ ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် အတွက် ကျွန်တော့်အား လွှတ်တော်မှ ခွင့်ရက်များပေးခဲ့တဲ့အတွက် များစွာကျေးဇူးတင်ရှိပါတယ် ခင်ဗျား။ သမ္မတကြီးရဲ့ သီးခြားအစီအစဉ်နှင့် နှစ်ဖက်ငြိမ်းချမ်းရေးဆွေးနွေးခဲ့မှုများ တွေ့ဆုံနိုင်ရေး အတွက် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့နှင့် ၈ ရက်နေ့အကြားမှာ လိုင်ဇာ KIO, KIA အဖွဲ့ ခေါင်းဆောင်များနဲ့ နှစ်ညအိပ်သုံးရက် ပဏာမသွားရောက်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့အနေနဲ့ ကျွန်တော်ကိုယ်တိုင်ပါဝင်လျက် KIO ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့များနဲ့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နှင့် ၁၉ ရက်နေ့နှင့် ၂၀၁၂ ခုနှစ်၊ မတ်လ ၈ ရက်၊ ၁၀ ရက်နေ့များမှာ ရွှေလီ တင်းချိန်ဟိုတယ်မှာ နှစ်ကြိမ်တိုင်တိုင် ပြည်ထောင်စုအဆင့်

ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုလည်း တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲ မှာလည်းပဲ သဘောတူညီချက်ငါးချက်ကိုလည်းပဲ ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ ထို့နောက် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်တဲ့အဖွဲ့နဲ့ ကျွန်တော်ကိုယ်တိုင်ပါဝင်ပြီး လုံခြုံရေးအရ တိမ်းရှောင်နေကြသော ပြည်သူများ အား သိန်း ၆၀၀ ကျော် ကိုယ်ထိလက်ရောက်သွားရောက် ကူညီပေးနိုင်ခဲ့ပါတယ်။ ကျွန်တော့်မြို့နယ် ဖြစ်တဲ့ မံစီမြို့နယ်ဟာ အခက်အခဲဆုံးမြို့နယ်၊ အပျက်အစီးဆုံးမြို့နယ်၊ မီးအရှို့အခံရဆုံးမြို့နယ်၊ တိုက်ပွဲအဖြစ်ဆုံးမြို့နယ်ဖြစ်ပြီး တာဝန်ရှိသူများ၊ လူကြီးများ သွားရောက်ရန် ခက်ခဲသော မြို့နယ်ဖြစ်ခဲ့ ပါတယ်။ ဘယ်သူမှမသွားရောက်နိုင်ကြသော်လည်း ကျွန်တော့်ဒေသ၊ ကျွန်တော့်သွေးချင်းများ၊ ဆွေမျိုး များ၊ ကျွန်တော့်ရဲ့ မဲဆန္ဒရှင်ပြည်သူများရှိတဲ့နေရာကို ကျွန်တော်စိုးရိမ်ရသော်လည်း မရောက် ရောက်အောင် အရဲစွန့်ပြီး သွားရောက်ကူညီခဲ့ပါတယ်။ KIO, KIA အဖွဲ့အနေနဲ့ ၁၇ နှစ်တာ ကာလ ပတ်လုံး အပစ်အခတ်ရပ်စဲပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်ခဲ့တယ်။ အမျိုးသားညီလာခံကို လည်းပဲ တက်ရောက်ခဲ့တယ်။ ဒါပေမယ့် နိုင်ငံရေးဆွေးနွေးမှု မပြုလုပ်နိုင်ခဲ့တဲ့အတွက်ကြောင့် ဒီနေ့ အချိန်မှာ အပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးဆွေးနွေးရန် ယုံကြည်တည်ဆောက်မှုအချိန် လုံလောက်တဲ့ အချိန်ပေးရန် တောင်းဆိုနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးတွေ့ဆုံမှုများပြုလုပ်၍ နှစ်ဦးနှစ်ဖက် ကြေညာချက်များ ထုတ်ပြန်နိုင်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးအလင်းရောင်သန်းလာသည်ဟု ယူဆရမှာ ဖြစ်ပါတယ်ခင်ဗျား။ ထာဝရငြိမ်းချမ်းရေးဟူသည့် အလင်းရောင်ကြီးဖြစ်ပေါ်လာတော့မှာဖြစ်ကြောင်း လည်း ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။ လုံခြုံရေးအရဒေသတိမ်းရှောင်စွန့်ခွာ နေကြသူတွေ အနေနဲ့လည်း ကယ်ဆယ်ရေးစခန်းများမှ မိမိတို့ရဲ့ မူလနေရပ်ထံသို့ အခြေကျနေထိုင်ရေးအတွက် တိုက်ပွဲများကြောင့် ပျက်စီးဆုံးရှုံးသွားရတဲ့ကျေးရွာများ၊ လူနေအိမ်ခြေများကို အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ပြန်လည်ပြုပြင်ဆင်စေလိုကြောင်း၊ သေဆုံးသွားတဲ့ ခိုင်းနွား၊ ကျွဲနွား၊ အိမ်မွေးကြက်၊ ဝက် တိရစ္ဆာန်များကို ဒေသသို့ ပြန်လည်ရောက်ရှိသည့်အခါ ထောက်ပံ့ကူညီကြစေလိုကြောင်းလည်း သိရှိရ ပါတယ်။ ကချင်ပြည်နယ်အတွင်း ဖြစ်ပွားလာသော ပဋိပက္ခများကြောင့် လုံခြုံရေးအရ တိမ်းရှောင် နေကြသော ဒုက္ခသည်ပြည်သူလူထုအတွက် နေထိုင်စားသောက်ရေးနဲ့ မကြာမီရောက်ရှိ လာတော့မယ့် မိုးရာသီအချိန်အတွက် မည်ကဲ့သို့အစီအမံများချထားပေးမှုရှိ၊ မရှိနဲ့ အပစ်အခတ်ရပ်စဲသွားလျှင်မိမိတို့ ဒေသသို့ ပြန်လည်အခြေချနေထိုင်သွားရန် ပြန်လည်ထူထောင်ရေးနှင့် စောင့်ရှောက်ရေး အစီအစဉ်

များကိုကြို တင်မည်ကဲ့သို့ စီမံထားသည်ကို သိရှိလိုပါကြောင်း မေးခွန်းအား လုံခြုံရေးအရ ဒေသစွန့်ခွာ တိမ်းရှောင်သူများရဲ့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းသိန်း(ခ) ဦးထွန်းထွန်းတင်ပြသည့် ကချင်ပြည်နယ်အတွင်း နှစ်ဦးနှစ်ဖက် ပဋိပက္ခများကြောင့် ဒေသစွန့်ခွာတိမ်းရှောင်နေကြသူဒေသခံပြည်သူများအား မူလဒေသမှာ အခြေကျ နေထိုင်ရေးအတွက် ပြန်လည်ထူထောင်ပြုပြင်မှုများကို နိုင်ငံတော်မှ ဦးစီးဦးဆောင်ပြု၍ ကူညီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါသည်ဟု မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြန်လည်ဖြေကြား သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှစ၍ KIO, KIA အဖွဲ့များနှင့် သဘောထားကွဲလွဲမှုများကြောင့် လုံခြုံရေးအခြေအနေများအရ မြို့နယ် ၁၂ မြို့နယ်ရှိ ကယ်ဆယ်ရေးစခန်း ၆၅ ခုမှာ ခေတ္တပြောင်းရွှေ့ရောက်ရှိလာသူဦးရေ ၁၉၁၀၃ ဦးရှိပါတယ်။ ယင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသော မိသားစုများအား အစိုးရဌာနဆိုင်ရာများ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ စေတနာရှင်ပြည်သူများ၊ UN Agency များ၊ INGO, NGO များနှင့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ်၊ မတ်လ ၆ ရက်နေ့အထိ ငွေကျပ် ၂၆၅၂.၆၉၈ သန်း တန်ဖိုးရှိ ငွေနှင့်ပစ္စည်းများထောက်ပံ့ပေးခဲ့ပါတယ်။ ဒါ့အပြင် ခေတ္တပြောင်းရွှေ့ရောက်ရှိလာသော မိသားစုများမှ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ဆောင်ရွက်နေပြီဖြစ်သဖြင့် ငြိမ်းချမ်းရေးရရှိလာသည့်အခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ရာတွင် မူလနေရပ်ဒေသများမှာ ပြန်လည် အခြေချနေထိုင်လိုသူများကို ၎င်းတို့ရဲ့ ဆန္ဒအတိုင်း ပြန်လည်နေရာချထားပေးခြင်း၊ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးခြင်းများ ဆောင်ရွက်ပေးသွားမှာဖြစ်သကဲ့သို့ နေရာသစ် တွင် အိုးသစ်အိမ်သစ်နေထိုင်လိုသူများအတွက်ကိုလည်း စီမံချက်များချမှတ်ကာ ဆောင်ရွက်ပေးသွား

မှာ ဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ဒုတိယအပတ်မှာပင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ တိမ်းရှောင်လာသော မိသားစုများ မိမိတို့နေရပ်ဒေသသို့ အေးချမ်းစွာ ပြန်လည်နေထိုင်ရေးဆောင်ရွက်သည့်အဖွဲ့မှ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးအစီအမံများကို သွားရောက်ဆောင်ရွက်ပေးခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်ရာတွင် မူလကျေးရွာများတွင် ပြန်လည်နေရာချထားရေးနှင့် မူလကျေးရွာများသို့ ပြန်လည်သွားရောက်လိုခြင်းမရှိသည့်ဒေသခံပြည်သူများအတွက် မြို့ရွာအသစ်များ တည်ထောင်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးခြင်းနှင့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ လတ်တလော စားဝတ်နေရေးနှင့် လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာများ ပြန်လည်မြင့်မားလာစေရေး မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ တိမ်းရှောင်မိသားစုဝင်များအတွက် အလုပ်အကိုင်ရရှိရေး၊ နိုင်ငံတော်အစိုးရမှ ကူညီစောင့်ရှောက် ခြင်းလုပ်ငန်းများကို အခြေခံ၍ စီမံချက်အသေးစိတ်ရေးဆွဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ကို ယုံကြည်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**မီတာခနှုန်းနှင့် လောင်စာဆီနှုန်းများမြှင့်တင်မှုကိုဝင်ငွေနည်းပါးသော အခြေခံလူတန်းစားများအတွက် ပြန်လည်ပြင်ဆင်ပေးနိုင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာသန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပ မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာကြသော ပုဂ္ဂိုလ်အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မီတာခနှုန်းထားများ၊ လောင်စာဆီဈေးနှုန်းများ တိုးမြှင့်ခြင်းကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကို ပြည်သူ့လွှတ်တော်အစည်းအဝေးများ စတင်မကျင်းပခင် ဒီဇင်ဘာလကုန်က ပေးပို့ထားတာဖြစ်တဲ့အတွက် ယခုနှုန်းထားများနဲ့ အနည်းငယ်ကွာခြားမှုရှိကြောင်း ဦးစွာ အစီရင်ခံတင်ပြလိုပါတယ်။ ယနေ့ ကျွန်တော်တို့ ပြည်သူများ နေ့စဉ်သုံးစွဲနေတဲ့ မီတာခ

နှုန်းထားများကို ယခင်က တစ်ယူနစ်လျှင် ၂၅ ကျပ်ကနေပြီးတော့ ယခုတစ်ယူနစ်လျှင် ၃၅ ကျပ်အထိ တိုးမြှင့်လိုက်ပါတယ်။ ဒီပုဂ္ဂလိကဆီဆိုင်များက ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းများကိုလည်း နိုင်ငံတော်၏ ခွင့်ပြုချက်နဲ့တိုးမြှင့်လိုက်ပါတယ်။ ယခင်က ဓာတ်ဆီတစ်ဂါလန်ကို ၂၅၀၀ ကနေပြီးတော့ ၃၃၅၀ ကျပ်အထိလည်းကောင်း၊ ဒီဇယ်ဆီတစ်ဂါလန်ကို ၃၉၀၀ ကျပ်အထိလည်းကောင်း တိုးမြှင့်ခဲ့ပါတယ်။ မူလမီတာခနဲ့ လောင်စာဆီဈေးနှုန်းများဟာ နိုင်ငံတကာနှင့်နှိုင်းယှဉ်လျှင်နည်းပါးပြီး နိုင်ငံတော်ကအရှုံးခံပြီးတော့ ဖြန့်ဖြူးပေးခဲ့တာလည်း အမှန်ပင်ဖြစ်ပါတယ်။ သို့ရာတွင် နိုင်ငံတကာရှိ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေနှင့် နှိုင်းယှဉ်လျှင် ကျွန်တော်တို့ မြန်မာနိုင်ငံသားများ၏ ဝင်ငွေမှာ များစွာနိမ့်ကျလျက်ရှိတာကလည်း အထင်အရှားဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးခွန်းမေးလိုတာကတော့ ဒီလိုမီတာခနှုန်းထားများ၊ လောင်စာဆီဈေးနှုန်းများမြှင့်တင်မှုသည် ဝင်ငွေနည်းပါးသော အခြေခံပြည်သူလူထုအတွက် ထိခိုက်မှုရှိပါ၍ နိုင်ငံတော်အနေနှင့် အဘက်ဘက်က စဉ်းစားသုံးသပ်ပြီး ပြန်လည်စဉ်းစားပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာကြပါစေရန် ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း မေးမြန်းထားသော မီတာခဈေးနှုန်းများ၊ လောင်စာဆီဈေးနှုန်းများ ပြန်လည်ပြင်ဆင်ပေးနိုင်ခြင်းရှိ၊ မရှိသိလိုကြောင်း မေးမြန်းခြင်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်းမှာ မီတာခနှုန်းထားများ၊ လောင်စာဆီဈေးနှုန်းများမြှင့်တင်မှုသည် ဝင်ငွေနည်းပါးသော အခြေခံပြည်သူလူထုအတွက် ထိခိုက်မှုရှိနိုင်ပါ၍ နိုင်ငံတော်အနေဖြင့် အဘက်ဘက်ကစဉ်းစားသုံးသပ်ပြီး ပြန်လည်ပြင်ဆင်ပေးနိုင်ခြင်းရှိ၊ မရှိသိရှိလိုပါသည်ဟူ၍ ဖြစ်ပါတယ်။ ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြလိုပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အသီးသီးတို့မှ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့်ကဏ္ဍပေါင်းစုံအတွက် မေးမြန်းတင်ပြခဲ့ကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဓာတ်ဆီဖြန့်ဖြူးရာတွင် သတ်မှတ်ဈေးနှုန်းတစ်မျိုးတည်း

ဖြင့် ရောင်းချနေခြင်းကြောင့် ဖြစ်ပေါ်နေသော အကျိုး၊ အပြစ်များအားပြန်လည် ဝေဖန်သုံးသပ်၍ လိုအပ်မည့် အစီအစဉ်များဆောင်ရွက်ပေးရေးအစီအစဉ်ရှိ၊ မရှိသိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း ထုတ်ဓာတ်ဆီကို အရှုံးခံ၍ ဖြန့်ဖြူးရောင်းချပေးခြင်းသည် ပြည်သူလူထုအပေါ် စေတနာဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သော်လည်း ပြည်သူလူထုအနေဖြင့် အမှန်တကယ်အကျိုးမခံစားရသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားအတွက် နယ်ပယ်ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်နေရသည့်လုပ်ငန်းများတွင် နိုင်ငံတော်ဘဏ္ဍာငွေများကိုအကျိုးရှိစွာ သုံးစွဲနိုင်ရန်အတွက် ပြည်တွင်းထုတ်ဓာတ်ဆီကိုအရှုံးခံ၍ မရောင်းသင့်တော့ဘဲ ဖြစ်သင့်သည့် ဈေးနှုန်းဖြင့် ပြင်ဆင်သတ်မှတ် ရောင်းချသင့်သည်ဟု စွမ်းအင်ဝန်ကြီးဌာနကလည်း ထင်မြင်ယူဆပါ ကြောင်း၊ ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်းထုတ်ဓာတ်ဆီများအား ဈေးကွက် ပေါက်ဈေးဖြင့်ပြင်ဆင်ရောင်းချနိုင်ရေးကို သင့်လျော်သောအချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်မည် ဖြစ်ပါကြောင်းနှင့် ယင်းသို့ ဈေးနှုန်းပြောင်းလဲမည့်ကိစ္စကို သုံးစွဲသူပြည်သူများ ကို ကြိုတင်အသိပေးကာ ကြေညာပြီးမှ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ ပါတယ်။ ယင်းသို့ ဖြေကြားခဲ့သည့်အတိုင်း ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်းထုတ် ဓာတ်ဆီများအား ဈေးကွက်ပေါက်ဈေးဖြင့် ပြင်ဆင်ရောင်းချနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ အကြီးအကဲမှ ပုံသေသတ်မှတ်ခြင်းမပြုဘဲ ပြည်ပ ဈေးနှုန်း၊ အိမ်နီးချင်းနိုင်ငံများ၏ဈေးနှုန်းထက် ပိုမများစေရန် အတိုးအလျှော့ဈေးကွက်ပေါ်ကြည့်၍ ရောင်းချပေးသွားရန် လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်းထုတ်ဓာတ်ဆီရောင်းဈေးကို တစ်ဂါလန်လျှင် ၃၀၀၀ ကျပ်ဈေးနှုန်းသို့ ၁-၁-၂၀၁၂ ရက်နေ့မှ စတင်၍ပြင်ဆင်သတ်မှတ်ရောင်းချခဲ့ပါတယ်။ ၎င်းရောင်းဈေးနှုန်းကို ဈေးကွက်အခြေအနေအရ လိုအပ်သလိုပြင်ဆင်သတ်မှတ်ရောင်းချပေးသွားမှာ လည်းဖြစ်ပါတယ်။ ယခုလို ဈေးနှုန်းပြောင်းလဲတဲ့ ကိစ္စရပ်ကိုစတင်မဆောင်ရွက်မီ မီဒီယာများမှ တစ်ဆင့်သုံးစွဲသူ ပြည်သူလူထုသိရှိရေးအတွက် ကြိုတင်အသိပေးဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဓာတ်ဆီအသုံးပြုသူများမှာ အများအားဖြင့် ကိုယ်ပိုင်မော်တော်ယာဉ်သုံးစွဲသူများနှင့် မော်တော် ဆိုင်ကယ်စီးသူ လူနည်းစုတို့၏ တစ်ဦးချင်းသုံးစွဲမှုမျှသာ ဖြစ်ကြပါတယ်။ သို့ဖြစ်၍ ပြည်တွင်း ထုတ်ဓာတ်ဆီကို အရှုံးခံ၍ ရောင်းချပေးခြင်းကြောင့် ၎င်းလူနည်းစု၏ အကျိုးကိုသာလျှင်ဖြစ်ပေါ် စေသကဲ့သို့ ပမာဏအများအပြားဝယ်ယူခွင့်ရရှိသူအချို့တွင်လည်း အကျိုးရှိခဲ့ပါတယ်။ ပြည်သူလူထု အများဆုံးအသုံးပြုသော သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဓိကအသုံးပြုသည်မှာ ဒီဇယ်ဆီသာ

ဖြစ်ပါတယ်။ ဒီဇယ်ဆီဈေးနှုန်းပြောင်းလဲမှုမရှိသဖြင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးလုပ်ငန်းစသည်တို့ကို ထိခိုက်ပျက်ပြားမှုများ မဖြစ်ပေါ်စေသည့်အတွက် ပြည်သူအများစု၏ အကျိုးစီးပွားပိုထိခိုက်စေမည်မဟုတ်ပါ။ တိုးမြှင့်လာသောဓာတ်ဆီဈေးနှုန်းသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဥ်ပါက သက်သာသော ဈေးနှုန်းဖြစ်ပြီး ပြည်သူတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ စီးပွားရေးအသွင်ဆောင်ရွက်ရသည့် စွမ်းအင်ဝန်ကြီးဌာနအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ စိုက်ထုတ်ကျခံသုံးစွဲရငွေကို လျှော့နည်းသက်သာစေမှာ ဖြစ်ပါတယ်။ ယင်းသို့ မိမိတို့ဝန်ကြီးဌာနအတွက်စိုက်ထုတ်ကျခံသုံးစွဲရငွေလျှော့နည်းသက်သာသွားခြင်းကြောင့် ပြည်သူတို့၏ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးကဏ္ဍများသို့ ပြည်ထောင်စုအစိုးရရန်ပုံငွေမှတိုးမြှင့်ပံ့ပိုးပေးနိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ပါဝင်ဖြည့်ဆည်းဆောင်ရွက်ခြင်းသာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အချိန်တိုကာလအတွင်း ပြည်သူတို့၏လျှပ်စစ်ဓာတ်အားတိုးတက်အသုံးပြုမှုများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုပမာဏကိုတိုးမြှင့်ပေးခဲ့သော်လည်း လက်ရှိသတ်မှတ်ထားသောလျှပ်စစ်ဓာတ်အားခနှုန်းထားများအရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တစ်နှစ်လျှင် ၂၅၀ ဘီလီယံကျပ်ခန့်အရှုံးပေါ်လျက်ရှိနေခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ဝန်ကြီးဌာနအနေဖြင့်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရန်လိုအပ်သောရန်ပုံငွေကို ထည့်ဝင်ပံ့ပိုးပေးနိုင်မှုမရှိသည့်အပြင် ဝန်ကြီးဌာနမှလျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးရသောလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လိုအပ်သည့် သာမန်အသုံးစရိတ်များကိုပင် ပြည်ထောင်စုအစိုးရအဖွဲ့မှ နှစ်စဥ်စိုက်ထုတ်ပံ့ပိုးပေးနေရသည့် အခြေအနေဖြစ်ပေါ်ခဲ့ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတို့တွင်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အတွင်း မဟာဓာတ်အားလိုင်းကြီးများ၊ ဓာတ်အားခွဲရုံများသာမက အဆင့်ဆင့်သောဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများဒေသအနှံ့အပြား၊ အမြောက်အမြားတည်ဆောက်ရန်ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်မည်ဖြစ်ပါကြောင်း သို့ပါ၍ဝန်ကြီးဌာန၏ လက်ရှိဓာတ်အားခ၊ ရောင်းချရရှိမှုအခြေအနေသည် များစွာတိုးချဲ့တည်ဆောက်ရမည့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ အတွက်ရင်းနှီးမြှုပ်နှံမှုအမြောက်အမြားထပ်မံပြုလုပ်ရန် လုံလောက်မှု ရှိ၊ မရှိ၊ အထောက်အကူ ဖြစ်၊ မဖြစ်သိလိုပါကြောင်း မေးမြန်းခဲ့ကြ၍ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းသို့ ပြည်ထောင်စုအစိုးရ အဖွဲ့မှရန်ပုံငွေစိုက်ထုတ်အသုံးပြုရမှု လျှော့နည်းသက်သာစေရေးအတွက် ဝန်ကြီးဌာနအနေဖြင့်

ပြည်ထောင်စုအစိုးရအဖွဲ့သို့ သီးခြားတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မိမိတို့ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို စေတနာထားသည်နှင့်အညီ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြပါရန် ဆွေးနွေးတင်ပြခဲ့ပါတယ်။ လျှပ်စစ်ခတ်အားခများ တိုးမြှင့်ကောက်ခံနိုင်ရေးအတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရ အဖွဲ့သို့တင်ပြခဲ့ရာတွင် အစိုးရအဖွဲ့အကြီးအကဲများကလည်း ချက်ချင်းကောက်၍ တင်လိုက်သကဲ့သို့ မပြုလုပ်ဘဲ မီဒီယာများမှတစ်ဆင့် ပြည်သူလူထုသိရှိအောင် အသိပေးရန်လိုကြောင်း လမ်းညွှန်ခဲ့ သဖြင့် မီဒီယာများမှတစ်ဆင့် အများပြည်သူသိရှိစေရန်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူတို့၏ တုံ့ပြန်မှု များ၊ သဘောထားများကိုလည်း သိရှိခဲ့ရပါတယ်။ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက် သင့်ကြောင်း၊ သို့ဖြစ်၍ လက်ရှိခတ်အားခနှုန်းထားများကို သင့်တင့်မျှတသောနှုန်းထားများသို့ ပြင်ဆင်သင့်ကြောင်း သဘောထားများရရှိခဲ့ပါတယ်။ ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ မေးမြန်းချက်တွင် ပါရှိသကဲ့သို့ ယခင်ခတ်အားခ နှုန်းထားတစ်ယူနစ် ၂၅ ကျပ်ကို ၅၀ ကျပ်သို့တိုးမြှင့်ခြင်းမပြုဘဲ အများပြည်သူသုံး၊ အိမ်သုံးတစ်ယူနစ် အတွက်မူလ ၂၅ ကျပ်မှ ၃၅ ကျပ်သို့လည်းကောင်း၊ စီးပွားရေးလုပ်ငန်းသုံး၊ စက်မှုလက်မှုသုံး တစ်ယူနစ်လျှင်မူလ ၅၀ ကျပ်မှ ၇၅ ကျပ်သို့လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်ခတ်အားသုံးစွဲသူများကို တစ်ယူနစ်လျှင် မူလ ၀.၀၈ အမေရိကန်ဒေါ်လာမှ ၀.၁၂ အမေရိကန်ဒေါ်လာသို့လည်းကောင်း အသီးသီးတိုးမြှင့်ခဲ့ခြင်းသာဖြစ်ပါတယ်။ ယင်းသို့တိုးမြှင့်သတ်မှတ်ခဲ့သော ခတ်အားခနှုန်းထားများဖြင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် အသုံးပြုသော ခတ်အားခမှစတင်၍ တောင်းခံသွားမည်ဖြစ်ပါတယ်။ တိုးမြှင့်သတ်မှတ်ထားသော ခတ်အားခနှုန်းထားများအရပင်လျှင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အရှုံးအမြတ်အခြေအနေကို တွက်ချက်ကြည့်မည်ဆိုပါက ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ငွေကျပ် ၇၈ ဘီလီယံအရှုံးပေါ်နေဦးမည်ဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့မှ မိမိတို့ ဝန်ကြီးဌာနအား စီးပွားရေးအသွင်ဆောင်ရွက်ကြရန်လည်း လမ်းညွှန်ထားပါ တယ်။ ထို့ကြောင့်မိမိတို့ ဝန်ကြီးဌာနများသည် ကိုယ်ပိုင်ဝင်ငွေပေါ်ရပ်တည်သွားနိုင်ရန် လိုအပ် ပါတယ်။ ထိုကဲ့သို့ ကိုယ်ပိုင်ဝင်ငွေနှင့်ရပ်တည်ခြင်းအတွက် ဈေးကွက်စီးပွားရေးစနစ်တွင်မဖြစ်မနေ လုပ်ရမည့် လုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်ပါတယ်။ တိုးမြှင့်သတ်မှတ်ခဲ့သော ခတ်အားခနှုန်းထားများ သည် အဆမတန်တက်ခြင်းမျိုး မဟုတ်ဘဲ ပြည်သူတို့အနေနှင့်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် လည်းကောင်း၊ ဝန်ကြီးဌာနသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရန်ပုံငွေမှစိုက်ထုတ်ကျခံသုံးစွဲရငွေကို အထိုက်အလျောက်လျော့နည်း သက်သာသွားစေရန်အတွက်လည်းကောင်း ရည်ရွယ်၍ ဆောင်ရွက်ခဲ့

ခြင်းသာဖြစ်ပါတယ်။ ယင်းသို့ မိမိတို့ဝန်ကြီးဌာနအတွက် စိုက်ထုတ်ကျခံသုံးစွဲရငွေ လျော့နည်းသက်သာသွားသည်နှင့်အမျှ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ကဏ္ဍအသီးသီးသို့ အစိုးရရန်ပုံငွေမှ ပိုမိုတိုးမြှင့်ပံ့ပိုးပေးသွားနိုင်မှာ ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါ့မယ်။

**အချိန်၊ ၁၁း၂၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကိုနေ့လယ် ၁၂း၂၅ နာရီမှာပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၂း၂၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ပုလဲမြို့နယ်၊ မဟူတောင်ဒေသဓာတ်ငွေ့သိုက်မှထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကိုအသုံးပြု၍ ယူရီးယားဓာတ်မြေဩဇာစက်ရုံတည်ဆောက်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နှင့်တောင်သူလယ်သမားများအကျိုးကို ရှေးရှုပြီးတော့ ဤလွှတ်တော်သို့ မေးခွန်းလွှာတစ်ခုကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းကို ဖတ်ကြားတင်ပြခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကြီး ကျင်းပနေတဲ့ ကာလမှာပဲ ၁၄-၂-၂၀၁၁ နေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ပုလဲမြို့နယ်ရှိ သင်ဂဒုံးအစမ်းတွင်းအမှတ်(၁)မှ သဘာဝဓာတ်ငွေ့များ တစ်နေ့လျှင် ကုဗပေ ၂.၁ သန်း ထုတ်ယူနိုင်မည်ဖြစ်ကြောင်း စမ်းသပ်တွေ့ရှိတဲ့သတင်းကို ဝမ်းမြောက်ဖွယ်မင်္ဂလာသတင်းအဖြစ်နဲ့ ဖော်ပြပါရှိခဲ့ပါတယ်။ ယင်းအစမ်းတွင်းအပါအဝင် မဟူတောင်ဒေသလုပ်ကွက်များရှိ သဘာဝဓာတ်ငွေ့ သိုက်မှ သဘာဝဓာတ်ငွေ့များကို အစမ်းတွင်းများ ဆက်လက်တူးဖော်ပြီးဖြစ်ကြောင်း၊ စနစ်တကျ ထုတ်ယူဖြန့်ဖြူးရေး အစီအစဉ်များ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း အားတက်ဖွယ်ဖော်ပြထားတာကို တွေ့ရှိခဲ့ရပါတယ်။ ယခုလိုသဘာဝဓာတ်ငွေ့သိုက်များမှ ထုတ်ယူ ရရှိတဲ့ သဘာဝဓာတ်ငွေ့များကို ပြည်ပသို့ ရောင်းချခြင်းမပြုတော့ဘဲ အခြေခံကုန်ကြမ်းအဖြစ် အသုံးပြုပြီး စက်ရုံများတည်ဆောက်ခြင်း၊ ပြည်တွင်းမှာပင် စွမ်းအင်အဖြစ် အသုံးပြုခြင်းများ ပြုလုပ် သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ရှင်းလင်းတင်ပြသွားခဲ့တာကိုလည်း သိရှိရပါတယ်။ သဘာဝဓာတ်ငွေ့ ကို အခြေခံကုန်ကြမ်းအဖြစ်အသုံးပြုပြီး သဘာဝကုန်ကြမ်းလေနဲ့ရေကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် တောင်သူလယ်သမားများအတွက် အထူးအကျိုးရှိနိုင်တဲ့ ယူရီးယားဓာတ်မြေဩဇာများ ထုတ်လုပ် ရယူနိုင်တဲ့ စက်ရုံကြီးများ တည်ဆောက်နိုင်တယ်လို့ လေ့လာသိရှိရပါတယ်။ သို့အတွက် မုံရွာခရိုင်၊ ပုလဲမြို့နယ်မှထွက်ရှိသော သဘာဝဓာတ်ငွေ့သိုက်တည်ရှိရာ ဒေသနှင့်ရေသယံဇာတအရင်းအမြစ်များ ပေါများစွာရရှိနိုင်ပြီးတော့ အနီးဆုံးဒေသလည်းဖြစ်တဲ့ မုံရွာခရိုင် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းရှိ ဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ကနီမြို့နယ်များရဲ့ ချင်းတွင်းမြစ် ကမ်းဘေး တစ်နေရာမှာ ယူရီးယားဓာတ်မြေဩဇာ စက်ရုံကြီးတစ်ရုံ တည်ဆောက်ပေးနိုင်မယ်ဆိုပါက အထက်မြန်မာပြည် စပါးကျီကြီးဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင် ပြည်နယ်စတဲ့ ပြည်နယ်များကို သီးနှံထုတ်လုပ်မှု ဖွံ့ဖြိုးရေးအတွက် ယူရီးယားဓာတ်မြေဩဇာများ အလွယ်တကူ သယ်ယူဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။ ဒို့အပြင် ဓာတ်မြေဩဇာအတွက် နိုင်ငံခြားငွေ ယိုစီးမှုကိုလည်း လျှော့ချနိုင်မယ့်အပြင် မုံရွာခရိုင် ချင်းတွင်းမြစ်အနောက်ဘက် ကမ်းဒေသမှာ ဖွံ့ဖြိုးတိုးတက်လာပြီးတော့ ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမှာ ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မုံရွာခရိုင် ပုလဲမြို့နယ် မဟူတောင် ဒေသ ဓာတ်ငွေ့သိုက်မှ ထွက်ရှိမည့် သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ မုံရွာခရိုင်၊ ချင်းတွင်း မြစ်အနောက်ဘက်ခြမ်းရှိ ဆားလင်းကြီး၊ ယင်းမာပင်၊ ကနီမြို့နယ်မြစ်ကမ်းဘေး တစ်နေရာမှာ

ယူရီးယားဓာတ်မြေသြဇာစက်ရုံတစ်ရုံ တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်မယ့် စီမံကိန်း အစီအစဉ် ရှိ၊ မရှိ။ ဆောင်ရွက်ပေးမယ်ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာ ကြပါစေရန် ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန် မေးမြန်းထားသော မုံရွာခရိုင် ပုလဲမြို့နယ် မဟူတောင်ဒေသ ဓာတ်ငွေ့သိုက်မှထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ မုံရွာခရိုင် ချင်းတွင်းမြစ်အနောက်ဘက်ခြမ်းရှိ ဆားလင်းကြီး၊ ယင်းမာပင်၊ ကနီမြို့နယ်မြစ်ကမ်းဘေးတစ်နေရာတွင် ယူရီးယားဓာတ်မြေသြဇာ စက်ရုံတစ်ရုံ တည်ဆောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ် စီမံကိန်း ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းချက်အား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းကိုတော့ ကျွန်တော် ထပ်မံဖတ်ကြားခြင်းမပြုတော့ပါ။ ဖြေကြားလိုသည်မှာ စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံတော်အတွက် လိုအပ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိရာ လက်ရှိအခြေအနေတွင် ပြည်တွင်းသုံးစွဲရန်အတွက် သဘာဝဓာတ်ငွေ့လိုအပ်ချက်မှာ တစ်ရက်လျှင် ကုဗပေသန်း ၅၇၀ ခန့်ရှိသော်လည်း ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေသန်းပေါင်း ၂၄၀ ခန့်သာ ဖြည့်ဆည်းပေးနိုင်တဲ့အတွက် လိုအပ်ချက်၏ ၄၀ ရာခိုင်နှုန်းခန့်သာ ဖြည့်ဆည်းပေးနိုင်လျက်ရှိပါတယ်။ ယင်းသို့နိုင်ငံတော်၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပြည်တွင်းသုံးစွဲရန်လိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်ချက်များ အနက် မေးခွန်း၏အစတွင် ဖော်ပြထားသော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်ရှိ သင်ဂဒိုးအစမ်းတွင်း အမှတ်(၁)ကို စမ်းသပ်တူးဖော်ခြင်းလုပ်ငန်းမှာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ၎င်းသင်ဂဒိုး အစမ်းတွင်းအမှတ်(၁)ကို တူးဖော်စမ်းသပ်ခဲ့ရာ အနက်ပေ ၆၉၇၀ ရှိ သဲကြောမှ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ပမာဏကုဗပေ ၂.၁ သန်း ထုတ်ယူနိုင်ခဲ့ကြောင်း ကနဦးစမ်းသပ်တွေ့ရှိခဲ့ပါသော်လည်း အဆိုပါတွင်းမှ အခြားအလားအလာကောင်းသော သဲကြော ၄ ခု တို့ကို စမ်းသပ်ရာ

သဘာဝဓာတ်ငွေ့ပမာဏ အနည်းငယ်ကိုသာ တွေ့ရှိခဲ့ရပါတယ်။ အခြားသဲကြော ၅ ကြောမှ စမ်းသပ်တွေ့ရှိချက်များ စီးထွက်မှုဖိအားများနှင့် ထွက်ရှိခဲ့သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ တို့အပေါ် ဓာတ်ခွဲစမ်းသပ်ချက်များအရ ၄င်းသင်ဂဒိုးဒေသတွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှု ပမာဏ အနေဖြင့် ကုဗပေ ၆၇ ဘီလီယံခန့်သာ ခန့်မှန်းတွက်ချက်ရရှိခဲ့သည့်အတွက် စီးပွားဖြစ် ထုတ်လုပ်နိုင်တဲ့ပမာဏသို့ မရောက်ရှိသေးပါ။ ဆက်လက်စမ်းသပ်မှုများ ပြုလုပ်ခဲ့ရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနေသည့် သင်္ကေတန်တွေ့ရှိရပါသော်လည်း အဆိုပါခိုအောင်းနေသည့် သဲကြောများသည် ကျစ်လစ်မာကျောမှုရှိသော Tight Sand များဖြစ်သည်ကို သိရှိခဲ့ရပါတယ်။ သဲကြောခွဲပြီးကာစ အချိန်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို အလိုအလျောက် စီးထွက်မှုရှိစေသော်လည်း အချိန်ကာလ ၈ ရက်မှ ၁၂ ရက်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ဖိအားများ ကျဆင်းစေသည့်အပြင် ထွက်ရှိမှု ပမာဏနှုန်းမှာလည်း လွန်စွာနည်းသွားကြောင်း စမ်းသပ်တွေ့ရှိခဲ့ရပါတယ်။ ယင်းသို့သော ဖြစ်စဉ်များအရ သင်ဂဒိုးဒေသတွင် မူလခန့်မှန်းတွက်ချက်ရရှိခဲ့သော ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှုပမာဏအနေဖြင့် လျော့နည်းသွားကြောင်း တွေ့ရှိရပြီးနောက် မဟူတောင်ဒေသတွင် ဆက်လက်ဆောင်ရွက်ရန် လျာထားခဲ့သည့် ပိတောက်ကုန်းတွင်း အမှတ်(၃)နှင့် ယာကြီးတွင်း အမှတ်(၁)တို့တွင် ဆောင်ရွက်မည့် သဲကြောခွဲခြင်း လုပ်ငန်းအစီအစဉ်ကို ရပ်ဆိုင်းခဲ့ပြီး တစ်ချိန်တည်းတွင် သင်ဂဒိုးဒေသရှိ ရေနံရှာဖွေတူးဖော်မည့် အစီအစဉ်ကိုလည်း ယာယီရပ်ဆိုင်းခဲ့ရပါသည်။ ၎င်းတွင်း၌ စမ်းသပ်တွေ့ရှိချက်များကို အသေးစိတ်လေ့လာလျက်ရှိပါတယ်။ သင်ဂဒိုးဒေသ၌ သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်မည့်ပမာဏ (Firm Reserves)ကို တိကျစွာသိရှိလာမှသာလျှင် သဘာဝဓာတ်ငွေ့ကို ထုတ်ယူနိုင်ရေးအတွက် ဖွံ့ဖြိုးရေးအစီအစဉ် (Development Program)ကို ရေးဆွဲနိုင်မည်ဖြစ်ကာဖွံ့ဖြိုးရေး တွင်းများတူးဖော်၍ မဟူတောင်ဒေသသဘာဝဓာတ်ငွေ့ကို စီးပွားဖြစ်ထုတ်ယူခြင်း ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ယင်းသို့ ဆောင်ရွက်ရန်အတွက် သဘာဝဓာတ်ငွေ့ စတင်ထုတ်လုပ်နိုင်ရန် အချိန်ကာလ ၆ နှစ်မှ ၇ နှစ်အထိ ကြာမြင့်မှာဖြစ်ပါတယ်။ ထို့အပြင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွက် အဓိကလိုအပ်လျက်ရှိသော ယူရီးယားဓာတ်မြေဩဇာ များကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိရာတွင် ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဓာတ်မြေဩဇာစက်ရုံ ၅ ရုံအနက် စက်ရုံ ၃ ရုံမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ၅-၁-၂၀၁၂ ရက်နေ့အထိ ယူရီးယားဓာတ်မြေဩဇာ ၁၁၃၁၈၉.၆ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာရေးနှစ် စာရင်းပိတ်လက်ကျန်များအပါအဝင် ယူရီးယားဓာတ်မြေဩဇာ ၁၁၄၂၀၁.၆၅ မက်ထရစ်တန်ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ယင်းသို့ ဖြန့်ဖြူးပေးရာတွင် ယခင်အစိုးရလက်ထက်က

ပြည်နယ်နှင့် တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အသီးသီးတို့၏အစီအစဉ်ဖြင့် ဖြန့်ဖြူးပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ တစ်ဆင့်လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း လက်အောက်ရှိ ဆန်စပါးအထူးပြုကုမ္ပဏီများမှတစ်ဆင့်လည်းကောင်း၊ သက်ဆိုင်ရာတောင်သူလယ်သမားများထံသို့ လက်ငင်းငွေချေစနစ်၊ ၆ လဆိုင်း အကြွေးစနစ်ဖြင့်ပါ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ အဆိုပါ ဓာတ်မြေဩဇာစက်ရုံ အသစ်တည်ဆောက်နိုင်ရေးအတွက်-

(က) စက်ရုံအတွက် ကုန်ကြမ်းနှင့် လောင်စာအဖြစ် အသုံးပြုရန် သဘာဝဓာတ်ငွေ့ လုံလောက်သည့်ပမာဏ ရရှိရန်လိုအပ်ခြင်း၊ (သာဓကအားဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ နောက်ဆုံးတည်ဆောက်ခဲ့သည့် အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံနှင့် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံတို့အတွက် တစ်နေ့လျှင် ယူရီးယားဓာတ်မြေဩဇာ တန် ၅၀၀ ထွက်ရှိရန် တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ပမာဏ ကုဗပေ ၁၂ သန်းခန့်စီကို သုံးစွဲရခြင်း)

(ခ) ဓာတ်မြေဩဇာထုတ်လုပ်ရန်အတွက် အသုံးပြုမည့် သဘာဝဓာတ်ငွေ့နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော ဓာတုပစ္စည်းအမျိုးအစားများ ပါဝင်မှုပမာဏ၊ အချိုးအစားနှင့် စံချိန်စံညွှန်း (Chemical Composition and Specification)များ ကိုက်ညီမှု ရှိစေရန်လိုအပ်ခြင်း၊

(ဂ) လုံလောက်သော ငွေကြေးရင်းနှီးမြှုပ်နှံမှု ပမာဏ၊ တည်ဆောက်ပြီးစီး၍ စက်ရုံစတင်လည်ပတ်သည့် အခြေအနေအထိ စောင့်ဆိုင်းရမည့်အချိန်ကာလနှင့် နည်းပညာများ အသီးသီးလိုအပ်ခြင်း၊ (သာဓကအားဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ နောက်ဆုံးတည်ဆောက်ခဲ့သော စက်ရုံနှစ်ရုံတို့အတွက် ကုန်ကျသည့် ငွေကြေးပမာဏများ အနေဖြင့် စက်ရုံတစ်ရုံလျှင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ခန့်နှင့် မြန်မာကျပ်ငွေ ၅၅ ဘီလီယံ နီးပါးခန့် အသီးသီးကုန်ကျခဲ့ပြီး အချိန်ကာလအားဖြင့် ၄ နှစ်နီးပါး ကြာမြင့်ခဲ့ပါတယ်။)

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန် မေးမြန်းထားသော မေးခွန်းဖြစ်သည့် မုံရွာခရိုင် ပုလဲမြို့နယ် မဟုတောင်ဒေသ ဓာတ်ငွေ့သိုက်မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ မုံရွာခရိုင် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းရှိ ဆားလင်းကြီး၊ ယင်းမာပင်၊ ကနီမြို့နယ် မြစ်ကမ်းဘေးတစ်နေရာတွင်

ယူရီးယားဓာတ်မြေဩဇာ စက်ရုံတစ်ရုံတည်ဆောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် စီမံကိန်း အစီအစဉ် ရှိ၊ မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း သိရှိလိုခြင်းကိစ္စနှင့် စပ်လျဉ်း၍ အဆိုပါ ယူရီးယားဓာတ်မြေဩဇာစက်ရုံတစ်ရုံ တည်ဆောက်ပေးနိုင်ရန်အတွက် မုံရွာခရိုင် ပုလဲမြို့နယ်ရှိ မဟူတောင်ဒေသမှ စီးပွားဖြစ်ထွက်လာ မည့် သဘာဝဓာတ်ငွေ့ပမာဏနှင့် ဓာတ်မြေဩဇာစက်ရုံအသစ်တည်ဆောက်ခြင်းအတွက် လိုအပ်ချက် များ စသည့်အချက်အလက်များကို အသေးစိတ်လေ့လာဆန်းစစ်မှုပြုပြီးမှသာလျှင် အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါကြောင်းလေးစားစွာ ဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**သံလွင်တံတား၏လုံခြုံရေးအရပိတ်ချိန်အားလျှော့ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး နှင့် ပတ်သက်၍ မေးခွန်းမေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဘားအံ-ရန်ကုန်ကားလမ်းဟာ ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးအတွက် အလွန်အရေးကြီးဆုံးသော လမ်းဖြစ်ပါတယ်။ ထိုလမ်းကို ခရီးသည်တင်ကားများ၊ ကုန်တင်ကားများသည် သံလွင်တံတား(ဘားအံ)ကို ဖြတ်သန်း သွားလာနေကြရပါတယ်။ လုံခြုံရေးအကြောင်းပြချက်ဖြင့် ထိုသံလွင်တံတားကို နံနက် ၅ နာရီမှ ည ၉ နာရီအတွင်းသာ ဖြတ်သန်းသွားလာခွင့်ပြုလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ည ၉ နာရီ နောက်ပိုင်း ရောက်ရှိလာသော ခရီးသည်တင်ကားများမှာ လမ်းတံတား၏ထိပ်တွင် ညအိပ်စောင့်ဆိုင်းနေကြရပါ သည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများနှင့် သားသည်မိခင်များအတွက် ထိုလမ်းကြောင့် အလွန်အခက် အခဲဖြစ်ပေါ်လျက်ရှိပါတယ်။ ယခုအခါ ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရောင်နီ လမင်းကြီး ထွက်ပြူစပြုလာပြီဖြစ်ပါ၍ ကျွန်မအနေဖြင့် မေးခွန်းတစ်ခု မေးမြန်းလိုသည်မှာ သံလွင်တံတား (ဘားအံ)ကို လုံခြုံရေးအရပိတ်ထားသည့်အချိန်အား လျှော့ပေးခြင်း သို့မဟုတ် ၂၄ နာရီ ဖြတ်သန်း သွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ ဒေသခံပြည်သူလူထု၏ ကိုယ်စား သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ရှင်။(ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားဖို့ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာမှ ပြည်သူ့လွှတ်တော်ကိုမေးမြန်းသော ကရင်ပြည်နယ် သံလွင်တံတား၏ လုံခြုံရေး အရပိတ်ချိန်အား လျှော့ပေးခြင်း သို့မဟုတ် ၂၄ နာရီ သွားလာနိုင်ရန် စီစဉ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကရင်ပြည်နယ် ဘားအံရှိ သံလွင်တံတားမှာ ၃-၈-၁၉၉၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကရင်ပြည်နယ်အတွက် အရေးပါတဲ့ တံတားကြီးလည်း ဖြစ်ပါတယ်။ ပြည်နယ်အတွက်အရေးပါတဲ့ တံတားကြီးဖြစ်သည်နှင့်အညီ တံတားကြီးရေရှည်တည်တံ့ရေးကိစ္စမှာလည်း အထူးအရေးပါတဲ့ ကိစ္စလည်း ဖြစ်ပါတယ်။ ထိုကဲ့သို့အရေးပါမှုအရ တံတားကြီးစတင်တည်ဆောက်စဉ်ကပင် တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့မှ အစဉ်တစိုက်လုံခြုံရေးများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ တံတားကြီးပြီးစီးပြီး စတင်ဖွင့်လှစ်တဲ့ ၃-၈-၁၉၉၇ ရက်နေ့မှစ၍ တံတားကြီး၏ လုံခြုံရေးအား ဘားအံတပ်နယ်မှ အရာရှိဦးစီးတပ်စုတစ်စု၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှအရာရှိ ၄ ဦး၊ အခြားအဆင့် ၂၀၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၄ ဦး၊ ပြည်နယ်လဝကအဖွဲ့မှဝန်ထမ်း ၈ ဦး၊ ပြည်နယ်အကောက်ခွန်အဖွဲ့မှ အရာရှိ ၂ ဦး၊ စရဖ၊ သတင်းရဲတပ်ဖွဲ့၊ မူးယစ်အထူးအဖွဲ့များ ပူးပေါင်းပြီး စုစုပေါင်းစစ်သည်၊ ရဲတပ်ဖွဲ့၊ ဝန်ထမ်းအင်အား ၇၀ ဖြင့် နေ့/ညလုံခြုံရေးများ ဆောင်ရွက်ပေးခဲ့ပါတယ်။ အစိုးရသစ်လက်ထက်မှာ တံတားလုံခြုံရေးဆောင်ရွက်မှုများအား ကြီးကြပ်ရန် ပြည်နယ်အစိုးရအဖွဲ့မှ နေ့စဉ်အလှည့်ကျ ပြည်နယ်၊ ခရိုင်အဆင့် အရာရှိကြီးတစ်ဦးအား တာဝန်ပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ သံလွင်တံတားကြီးအား ဖြတ်သန်းသွားရတဲ့ ကရင်ပြည်နယ်သည် တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ထိ စပ်လျက်ရှိပြီး သံလွင်တံတားကြီး စတင်ဖွင့်လှစ်စဉ်ကပင် နယ်မြေတည်ငြိမ်အေးချမ်းမှု အားနည်းခဲ့တဲ့ အချိန်လည်း ဖြစ်ပါတယ်။ ထိုအချိန်က တစ်ဖက်နိုင်ငံ နယ်မြေအတွင်း အခြေပြုလျက်ရှိတဲ့ အကြမ်းဖက်သောင်းကျန်းသူများနှင့် လက်နက်ကိုင် အဖွဲ့အစည်းမျိုးစုံမှ နိုင်ငံတော်ရဲ့လုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေရန် ရည်ရွယ်ပြီး အဖျက်အမှောင့် လုပ်ငန်းများကို အစဉ်တစိုက်

ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ထို့အတူပဲ လက်နက်ခဲယမ်းများကို တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ခြင်း၊ စီးပွားရေးမသမာမှု ကျူးလွန်သူများက မူးယစ်ဆေးဝါး၊ လိုင်စင်မဲ့ယာဥ်များဖြင့် အကောက်ခွန်မဲ့ပစ္စည်းများ သယ်ဆောင်မှုများ ရှိခဲ့ပါတယ်။ ထိုကဲ့သို့ အခြေအနေများကြောင့် တံတားကြီးရဲ့ နေ့/ညလုံခြုံရေးနှင့် ဖောက်ခွဲဖျက်စီးသူများတားဆီးရေး၊ စီးပွားရေးမသမာမှုများကို တစ်ဖက်တစ်လမ်းမှ တားဆီးနိုင်ရေးအတွက် လုံခြုံရေးအဖွဲ့များက တံတားကြီးကို အချိန်နှင့် သတ်မှတ်ဖြတ်သန်းစေခြင်းတို့ကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ကရင်ပြည်နယ်ရဲ့ တည်ငြိမ်အေးချမ်းမှုပေါ်မူတည်ပြီး တာဝန်ရှိသူများက တံတားဖြတ်သန်းမှု အသုံးပြုချိန်များကို တဖြည်းဖြည်း တိုးမြှင့်ပေးခဲ့ပါတယ်။ တံတားကြီးစတင် ဖွင့်လှစ်ခဲ့တဲ့ ၃-၈-၁၉၉၇ ရက်နေ့မှ ၃၁-၁၂-၂၀၀၃ ရက်နေ့အထိ နံနက် ၆ နာရီမှ ၈ နာရီထိ ခွင့်ပြုခဲ့ပြီး ၁-၁-၂၀၀၄ မှ ၃၀-၁၁-၂၀၀၉ ထိ နံနက် ၅ နာရီမှ ည ၈ နာရီထိ တိုးမြှင့်ခွင့်ပြုခဲ့ပါတယ်။၁-၁၂-၂၀၀၉မှ ၈-၂-၂၀၁၂ ရက်အထိ နံနက် ၅ နာရီမှ ည ၉ နာရီထိ တစ်ခါ ထပ်မံတိုးမြှင့်ခွင့်ပြုခဲ့ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများဟာ နိုင်ငံတော်အစိုးရရဲ့ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီး သဘောတူညီ ချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် ယခုအချိန်အခါမှာ ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး အခြေအနေကောင်းများကို စတင်ရရှိနေပြီဖြစ်ပါတယ်။ ယင်းသို့ တည်ငြိမ်အေးချမ်းမှု အခြေအနေအရ တံတားကြီးသုံးစွဲမှုအား ၈-၂-၂၀၁၂ မှစ၍ နံနက် ၄း၀၀ နာရီမှ ည ၁၀း၀၀ နာရီအထိ ထပ်မံတိုးမြှင့် အသုံးပြုထားပြီး မကျန်းမာ၍အရေးပေါ်ဆေးကုသရန် သွားရောက်မည့်သူများ၊ မီးဖွားမည့်သူများ၊ လူမှုရေးကိစ္စမဖြစ်မနေ သွားရောက်မည့်သူများကိုလည်း လုံခြုံရေးအဖွဲ့မှ စိစစ်ပြီးခွင့်ပြုလျက်ရှိပါတယ်။ ကရင်ပြည်နယ် သထုံ-ဘားအံကားလမ်းပေါ်ရှိ သံလွင်တံတားအား ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဥ်ဖြင့် ယခင်က နံနက် ၅း၀၀ နာရီမှ ည ၉း၀၀ နာရီအထိ ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဥ်ဖြင့် နံနက် ၄း၀၀ နာရီမှ ည ၁၀း၀၀ နာရီအထိ ဖွင့်လှစ်ပေးခဲ့ပြီး ပိတ်ချိန်ကိုလျှော့ထားပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ငြိမ်အေးချမ်းမှုအခြေအနေများ တိုးတက်ဖြစ်ထွန်းမှုအပေါ်မူတည်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး တံတားကြီး၏ လုံခြုံရေးအခြေအနေအရ ပိတ်ချိန်အား ဆက်လက်လျှော့ချပေးရန် အစီအစဥ်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ကမာကလုတ်တိုက်နယ်အတွင်းရှိလယ်ယာမြေများအား စစ်တပ်မှ သိမ်းယူခြင်းနှင့်စပ်လျဥ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးအောင်ကျော်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်တန်းမြို့နယ်ကျေးရွာအုပ်စု ၁၁ စုအတွင်းရှိ မိဘပြည်သူများသိရှိလိုမှုကို ဤလွှတ်တော်မှတစ်ဆင့် မေးခွန်းဖြင့်မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျောက်တန်းမြို့နယ်ရဲ့ ကမာကလုတ်တိုက်နယ် ကျေးရွာအုပ်စု ၁၁ စုအတွင်းရှိ ကျေးရွာများတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် အေးရှားဝေါလ်ကုမ္ပဏီ တို့မှ တာဝန်ရှိပုဂ္ဂိုလ်များပူးပေါင်းအဖွဲ့ဟာ ၈-၁၂-၂၀၁၁ ရက်နေ့မှ ၃၀-၁၂-၂၀၁၁ ရက်နေ့အထိကို လယ်ယာမြေများအတွင်းရှိ တဲအိမ်ပတ်ဝန်းကျင်များကို ဓာတ်ပုံနှင့်ဗွီဒီယိုမှတ်တမ်းရိုက်ကူးခြင်း၊ တောင်သူလယ်သမားများပိုင်ဆိုင်မှုများကို စာရင်းကောက်ယူခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြပါ တယ်။ မည်သည့်အတွက်ကြောင့် မှတ်တမ်းကောက်ယူမှုကို တောင်သူများက မေးမြန်းသော်လည်း တိတိကျကျမသိရှိကြရပါ။ ဒေသခံမိဘပြည်သူများအနေဖြင့် မိမိတို့၏လယ်ယာမြေများကို သိမ်းဆည်း တော့မည်လား။ စီမံကိန်းများဆောင်ရွက်တော့မည်လားဟု စိုးရိမ်မကင်းဖြစ်နေကြပါတယ်။ တောင်သူ များအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို တန်ဖိုးထားပြီး မိုးစပါးနှင့် ဆောင်းသီးနှံများကို စိုက်ပျိုး လုပ်ကိုင်နေကြသူများဖြစ်ပါတယ်။ ထို့ကြောင့် ဒေသခံတောင်သူများ စိုးရိမ်မကင်းဖြစ်နေမှုကို သိရှိနိုင် ပါရန် အောက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းကတော့ ကျောက်တန်းမြို့နယ် မှော်ဝန်းချောင်းတစ်ဖက်ကမ်း ကမာကလုတ်တိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၁ စုတွင်ပါဝင်သော ပန်းတော၊ ရွာသစ်ကလေး၊ ကရင်ချောင်၊ ကမာကလုတ်၊ ကွနီး၊ ဖွဲ့ဘာကုန်းလမ်း၊ မီးပြ၊ ဘော်ကလွတ်၊ ချောင်းဝနှင့် သနပ်ပင်ချင်းကျေးရွာများအတွင်းရှိ လယ်ယာမြေများနှင့် လယ်တဲစု များကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် အေးရှားဝေါလ် ကုမ္ပဏီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များပူးပေါင်း၍ စစ်တမ်းကောက်ယူခြင်း၊ ဓာတ်ပုံ၊ ဗွီဒီယိုမှတ်တမ်း ရိုက်ကူးခြင်းများနှင့်ပတ်သက်၍ မည်သည့်အတွက်ကြောင့် ဆောင်ရွက်နေသည်ကို သိရှိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ခင်မှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းသော ကျောက်တန်းမြို့နယ် ကမာကလုတ်တိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၁ စုအတွင်းရှိ လယ်ယာမြေ များနှင့် လယ်တဲစုများကို သက်ဆိုင်ရာဌာနများမှ စစ်တမ်းကောက်ယူခြင်း၊ ဓာတ်ပုံ၊ ဗွီဒီယိုမှတ်တမ်း ရိုက်ကူးခြင်းများနှင့်ပတ်သက်၍ မည်သည့်အတွက်ကြောင့် ဆောင်ရွက်နေသည်ကို သိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်နိုင်ရန်အတွက် သန်လျင်မှ ကျောက်တန်းသွား ကားလမ်း၏ အနောက်ဘက်ခြမ်း ယင်းကားလမ်းနှင့် ရန်ကုန်မြစ်အကြားဧရိယာတွင် သန်လျင်၊ ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ရန် ၁၉၉၄ ခုနှစ်မှ စတင်စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာ သန်လျင်မှ ကျောက်တန်းသို့ ဆက်သွယ်ထားနိုင်ရန်အတွက် သန်လျင်-ကျောက်တန်းကားလမ်းနှင့် ရန်ကုန်မြစ်အကြားရှိ တောင်မြောက်ဖောက်လုပ်ထားတဲ့ မြေသားလမ်းဖွံ့ဖြိုးရေးကို ကွန်ကရစ်လမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး သန်လျင်-ကျောက်တန်းကားလမ်းမှ သီလဝါဆိပ်ကမ်းသို့ ဆက်သွယ်သွားလာနိုင်ရန်အတွက် ဒဂုံ-သီလဝါလမ်းကိုလည်း ၂၀၀၂ ခုနှစ်မှာ ကွန်ကရစ်လမ်းအဖြစ်ဖောက်လုပ်ခဲ့ပါတယ်။ ဒဂုံ-သီလဝါလမ်းနှင့် ဖွံ့ဖြိုးရေးလမ်းဆုံမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၀၀ ပြည့်နှစ်တွင် ဧရိယာ ၄၃၂.၆ ဧကၔ သီလဝါစက်မှုဇုန်၊ ပြည်တွင်းစက်မှုဇုန်အားတည်ဆောက်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ နည်းပညာများရရှိစေရန်၊ ယင်းဒေသရှိ ပြည်သူများ အလုပ်အကိုင်များရရှိစေရန် ရည်ရွယ်ချက်များဖြင့် သန်လျင်၊ ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်း ဧရိယာအတွင်း စက်မှုဇုန်တည်ဆောက်နိုင်ရန်အတွက် မြေသိမ်းဆည်းရေး ဆောင်ရွက်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် စင်ကာပူနိုင်ငံ စင်မာတက် PTE ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းပြီး သန်လျင်၊ ကျောက်တန်း Development ကုမ္ပဏီလီမိတက်

ဖွဲ့စည်းပြီး ဧရိယာ ၃၀၃၉.၃၃ ဧကအား တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၉၆ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း ၁၉၉၈ခုနှစ်မှာ အာရှငွေကြေးအခက်အခဲကြောင့်လည်းကောင်း၊ ယခင် ပိတ်ဆို့ အရေးယူမှုများကြောင့်လည်းကောင်း စီစဉ်မျှော်မှန်းထားသည့်အတိုင်း ဆောင်ရွက်နိုင်မှုမရှိခဲ့ပါ။ အခု အချိန်မှာ အစိုးရအသစ်ဖွဲ့စည်းခဲ့ပြီးနောက် စီးပွားရေးလုပ်ငန်းများမှာလည်း လွတ်လပ်ပွင့်လင်းစွာ ဆောင်ရွက်လာနိုင်ပြီဖြစ်တဲ့အတွက် မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုနိုင်ရန် ဆက်သွယ်ကမ်းလှမ်းမှုများအများအပြားရှိလာပါတယ်။ သို့ပါ၍ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များအရ ယခင်က စီစဉ်ဆောင်ရွက်ထားခဲ့သည့် စက်မှုဇုန်ဧရိယာအတွင်းနှင့် ယင်းဧရိယာနှင့် ဆက်စပ်နေသော ဧရိယာများတွင် အထူးစီးပွားရေးဇုန်ဖော်ထုတ်နိုင်မှုအခြေအနေသိရှိနိုင်ရန်အတွက် မြောက်ဘက်တွင် ဖန်ချက်လမ်း၊ တောင်ဘက်တွင် ကျိုက်မော်ဝန်းချောင်း၊ အရှေ့ဘက်တွင် သန်လျင်-ကျောက်တန်းဖွံ့ဖြိုးရေးလမ်း၊ အနောက်ဘက်တွင် သီလဝါဆိပ်ကမ်း ဧရိယာနယ်နိမိတ်အတွင်းရှိ မြေပြင်အခြေအနေအမှန်အားသိရှိနိုင်ရန်အတွက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့ပူးပေါင်းပြီး ၂၄-၁၁-၂၀၁၁ ရက်နေ့မှ ၂၉-၁၁-၂၀၁၁ ရက်နေ့အထိ မြေပြင်အခြေအနေအား စာရင်းပြုကောက်ခံခြင်း၊ ဓာတ်ပုံမှတ်တမ်း၊ ဗွီဒီယိုမှတ်တမ်းတင်ခြင်း ဆောင်ရွက်ခဲ့ပါတယ်။ ယင်းသို့ဆောင်ရွက်ခဲ့ရာမှာ ၅၃၇၉.၅၉၁ ဧကမှာရှိနေတဲ့ ကောက်ယူ ရရှိတဲ့ အဆောက်အဦပေါင်းမှာ ၁၂၆၀ လုံးရှိကြောင်းပြုစုရရှိခဲ့ပါတယ်။ အလားတူပင် ကျောက်တန်း မြို့နယ် ကျိုက်မော်ဝန်းချောင်းရဲ့တောင်ဘက်ရှိ ကျေးရွာအုပ်စုများဖြစ်တဲ့ ပန်းတော၊ ရွာသစ်ကလေး၊ ကရင်ချောင်၊ ကမာကလုတ်၊ ကွနီး၊ ဖွဲဘာကုန်းလမ်း၊ မီးပြ၊ ဘော်ကလွတ်၊ ချောင်းဝနှင့် သနပ်ပင်ချင်း ကျေးရွာများရှိ မြေစာရင်းမှတ်တမ်းများအရ ကွင်းပေါင်း ၆၃ ကွင်း၊ ဧရိယာ ၃၈၂၀၅ ဧကအတွင်းရှိ ကျေးရွာများပါမကျန် ဧရိယာများ၏မြေပြင်အခြေအနေအမှန်အား သိရှိနိုင်ရန်အတွက် ၈-၁၂-၂၀၁၁ ရက်နေ့မှစ၍ ၃၀-၁၂-၂၀၁၁ ရက်နေ့အထိ ဆက်လက်စာရင်းပြုစုကောက်ခံခဲ့ပါတယ်။ ဤသို့ ကောက်ခံခဲ့ရာတွင် ကောက်ခံခဲ့တဲ့ ဧရိယာမှာ ပန်းတော၊ ရွာသစ်ကလေး၊ မီးပြ၊ ဘော်ကလွတ်၊ ချောင်းဝနှင့် သနပ်ပင်ချင်းကျေးရွာများရှိ ကွင်းပေါင်း ၂၇ ကွင်း၊ ဧရိယာ ၁၉၆၈၂ ဧကခန့်အတွင်း ကွင်းဆင်းစာရင်းပြုစုခဲ့ပြီး ယင်းဧရိယာအတွင်း ကောက်ခံရရှိတဲ့ အဆောက်အဦပေါင်း ၃၆၃၇ လုံး ပြုစုရရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့ မြေပြင်တွင်ရှိနေသည့် အခြေအနေအား စာရင်းပြုစုခြင်း၊ ဓာတ်ပုံမှတ်တမ်းတင်ခြင်း၊ ဗွီဒီယိုမှတ်တမ်းတင်ခြင်းများမှာ ယင်းဒေသအတွင်း နိုင်ငံတော်မှ အထူးစီးပွားရေးဇုန်များတည်ဆောက်ရန်ရှိပါက ဆောင်ရွက်နိုင်မှု

အခြေအနေအားသိရှိနိုင်ရန်အတွက် စာရင်းပြုစုဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှတာဝန်ပေးအပ်သူက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာစတင်တင်သွင်း၍ ဆွေးနွေးအတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ပေးပို့တဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ၉-၃-၂၀၁၂ ရက်မှာ ပြည်သူ့လွှတ်တော်က လက်ခံရရှိခဲ့ပါတယ်။ ဥပဒေကြမ်းမိတ္တူများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ နည်းဥပဒေခွဲ (က) အရ ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီနဲ့ ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်း နှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီအား အစီရင်ခံစာတင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သရင်းဂါရဝပြုအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနဲ့ပတ်သက်ပြီး စိစစ်တွေ့ရှိချက်များကို ကျွန်တော့်အနေနဲ့ ဖတ်ကြားတင်သွင်းသွားမှာဖြစ် ပါတယ်-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ရည်ညွှန်းချက် (၁) ပါစာဖြင့် အမျိုးသား လွှတ်တော်သို့ပေးပို့ခဲ့ရာ အမျိုးသားလွှတ်တော်တွင် ၂၇-၁-၂၀၁၂ ရက်နေ့၌ စတင်တင်သွင်းခဲ့ပြီး ၆-၃-၂၀၁၂ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပါသည်။

၂။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ရည်ညွှန်းချက် (၂) ပါစာဖြင့် ပြည်သူ့လွှတ်တော်

တွင်ဆွေးနွေးရန် ပေးပို့လာမှုကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၉-၃-၂၀၁၂ ရက်နေ့ တွင်လက်ခံရရှိခဲ့ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းသည် နိုင်ငံတော်၏ စီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ ပြောင်းလဲလာသော ခေတ်စနစ်နှင့် လိုက်လျောညီထွေမှု ရှိစေရန် နိုင်ငံတော်သမ္မတ ဥပဒေအကြံပေးအဖွဲ့၏ အကြံပြုချက်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏ စိစစ်ချက်များနှင့်အညီ ရေးဆွဲပြုစု ထားကြောင်း ဖော်ပြထားပါသည်။ မူလဥပဒေကြမ်းတွင် အခန်း ၁၉ ခန်း၊ အပိုဒ်ပေါင်း ၄၇ ခု ပါရှိသည်ကို တွေ့ရှိရပါသည်။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး-

(က) တည်ဆဲဥပဒေအား ၁၉၈၈ ခုနှစ်၌ ပြဋ္ဌာန်းခဲ့ရာ နှစ်ပေါင်း ၂၃ နှစ်ကြာမြင့်ပြီဖြစ်သဖြင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုမရှိခြင်း၊

(ခ) နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲကျင့်သုံးလာသော စီးပွားရေးစနစ်၊ မူဝါဒများနှင့် လိုက်လျောညီထွေမှုရှိစေရန်လိုအပ်ခြင်း၊

(ဂ) နိုင်ငံတော်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် လက်တွေ့ဆောင်ရွက်ချက် များနှင့် ကိုက်ညီမှုရှိစေရန်လိုအပ်ခြင်း၊

(ဃ) ဒေသဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလေ့အကျင့်များနှင့် လိုက်လျောညီထွေမှုရှိစေရန်လိုအပ်ခြင်း၊

(င) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် တည်ဆဲအထူးစီးပွားရေးဇုန်ဥပဒေများ၊ ရင်းနှီး မြှုပ်နှံမှုဥပဒေအရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ မြေအသုံးပြုပိုင်ခွင့် များခံစားခွင့်ရှိသည့်နည်းတူ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် တစ်ပြေးညီခံစားခွင့်ရှိစေရန်လိုအပ်ခြင်း၊

(စ) တည်ဆဲနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် မြေအသုံးပြုပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်သတ် ချက်များရှိနေခြင်း၊

(ဆ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)ပိုမိုတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ရာတွင် အခန်း ၁၉ ခန်း၊ အပိုဒ်ပေါင်း ၄၇ ပိုဒ်ကို အပိုဒ် ၃ ပိုဒ် ဖြည့်စွက်၍ အပိုဒ်ပေါင်း ၅၀ ဖြင့် အတည်ပြုခဲ့ကြောင်းတွေ့ရှိရပါသည်။

၆။ ဥပဒေကြမ်း၏ အမည်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဟု ပြောင်းလဲခဲ့ပြီး ပြင်ဆင်ချက်ပေါင်း ၂၇ ချက်ဖြင့် အတည်ပြုခဲ့ပါသည်။

၇။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းတာဝန်ပေးအပ်ထားသည့် အချက် ၁၂ ချက်အပေါ် အခြေခံပြီး စိစစ်ဆောင်ရွက်မှုပြုခဲ့ကြပါသည်။

၈။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက် ၂၇ ချက် ရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ၂၇ ချက်အပါအဝင် ဥပဒေကြမ်းတစ်ခုလုံးအား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် စိစစ်ခဲ့ပါသည်။ ထိုသို့စိစစ်ရာတွင် ပိုမိုပြည့်စုံစေရန်အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဥပဒေကြမ်းကော်မတီဝင်များသည် ၁၀-၃-၂၀၁၂ ရက်နေ့၌ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး အသေးစိတ်ထပ်မံစိစစ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ပြင်ဆင်ရာတွင် အချက် ၂၇ ချက်ရှိသည့်အနက် အချက် ၂၄ ချက်ကို သဘောတူသော်လည်း အနည်းငယ်ထပ်မံပြင်ဆင်ချက်များ ဖြည့်စွက်ခဲ့ပါသည်။

(ဃ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ဟု ပြင်ဆင်သည်။

(င) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို အဆိုပြုချက်ဆိုသည်မှာ ကမကထပြုသူက ရည်ရွယ်ထားသော ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော သတ်မှတ်ထားသည့် လျှောက်လွှာကို ဆိုသည်။ ယင်းနှင့်အတူ ပဋိညာဉ်စာချုပ်မူကြမ်း၊ ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများနှင့် ကုမ္ပဏီဆိုင်ရာ အထောက်အထားများ ပူးတွဲပါရှိရမည်ဟု ပြင်ဆင်ခဲ့ပါသည်။

(စ) အခန်း(၁) အပိုဒ်ခွဲ(ဇ)ကို (ဈ)ဟု ပြင်ဆင်၍ နိုင်ငံခြားမတည်ငွေရင်းဆိုသည်မှာ အပိုဒ်ခွဲ(ဈ)အပိုဒ်ခွဲငယ် ၂ စက်ပစ္စည်း၊ စက်ကိရိယာ၊ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ အသုံးအဆောင်၊ တန်ဆာပလာများအပါအဝင် လုပ်ငန်းတွင် အမှန်တကယ်သုံးစွဲရန် လိုအပ်၍ နိုင်ငံတော်အတွင်း၌ မရရှိနိုင်သောပစ္စည်း။

(ဆ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို (ည)ဟု ပြင်ဆင်သည်။

(ဇ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ည)ကို (ဋ)အဖြစ် ဘဏ်ဆိုသည်မှာ ပြည်ထောင်စု အစိုးရ အဖွဲ့က ခွင့်ပြုသော နိုင်ငံတော်အတွင်းရှိ ဘဏ်တစ်ခုခုကို ဆိုသည်ဟု ပြင်ဆင်သည်။

(ဈ) အခန်း(၁) အပိုဒ်၂ အပိုဒ်ခွဲ(ဋ)ကို (ဌ)အဖြစ် ပြောင်းလဲပြီး အကျိုးဝင်သက်ဆိုင် စေရမည် ဟူသော စကားရပ်အစား အောက်ပါတို့လည်း ပါဝင်သည်ဟု ပြင်ဆင်သည်။

(ည) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ) အပိုဒ်ခွဲငယ်(၁)ကို ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်အခြားပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့် အညီ အပေါင်ခံခွင့်နှင့် ပေါင်နှံခွင့်များဟု ပြင်ဆင်သည်။

(ဋ) အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဌ)ကို အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)အဖြစ် ပြောင်းလဲ၍ မြေငှားရမ်း ခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူဆိုသည်မှာ နိုင်ငံတော်က သတ်မှတ်ထားသည့် မြေငှားရမ်းခကို နိုင်ငံတော်သို့ ပေးဆောင်၍ သတ်မှတ်ထားသော ကာလအပိုင်းအခြား အထိ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်ရန် မြေငှားရမ်းခွင့်ရရှိသူ သို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်ရန် မြေအသုံးပြုခွင့် ရသူကို ဆိုသည်ဟု ပြင်ဆင်ခဲ့ပါသည်။

(ဌ) အခန်း(၂) အပိုဒ် ၄အပိုဒ်ခွဲ(င) ကိုနိုင်ငံတော်အတွင်းရှိ ကုန်းနေ၊ ရေနေသတ္တဝါများ၊ သစ်ပင်ပန်းမန်စိုက်ပျိုးသီးနှံစသည်တို့ကို ထိခိုက်စေနိုင်သောလုပ်ငန်းများဟု ပြင်ဆင်ခဲ့ ပါသည်။

(ဍ) အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ(ဆ) ကို နိုင်ငံတကာသဘောတူညီချက်များအရ အဆိပ် အတောက်ရှိသည့် ဓာတုပစ္စည်းထုတ်လုပ်သော သို့မဟုတ် အသုံးပြုသော လုပ်ငန်း များဟု ပြင်ဆင်သည်။

(ဎ) အခန်း(၂) အပိုဒ် ၄ ၏အောက်တွင်အပိုဒ် ၅ အဖြစ်ကော်မရှင်သည် ပုဒ်မ ၄ အရ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နိုင်ငံတော်နှင့်

ပြည်သူများ၏အကျိုးစီးပွားအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်ဟုပြင်ဆင်သည်။

(ဏ) အခန်း(၄) အပိုဒ် ၆ ကို အပိုဒ် ၇ ဟုပြင်ဆင်ပြီး ရင်းနှီးမြှုပ်နှံမှုကို အောက်ပါပုံစံ တစ်ခုခုဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သည်-

(၁) နိုင်ငံခြားသားက နိုင်ငံခြားမတည်ငွေ ယင်းရာခိုင်နှုန်းပြည့်ဖြင့်ဆောင်ရွက်ခြင်း

(၂) နှစ်ဦးနှစ်ဖက်ချုပ်ဆိုသည့် ဥပဒေနှင့်ညီညွတ်သော ပဋိညာဉ်စာချုပ်ပါစနစ် တစ်ခုခုဖြင့် ဆောင်ရွက်ခြင်းဟုပြင်ဆင်သည်။

(တ) အခန်း(၄) အပိုဒ် ၇ အပိုဒ်ခွဲ(က) တွင်ပါရှိသည့် ပုဒ်မ ၆ အရဟူသော စကားရပ်အစား ပုဒ်မ ၇ အရ ဟုလည်းကောင်း၊ အပိုဒ် ၇ အပိုဒ်ခွဲ(ခ)တွင် ဥပဒေများကိုလိုက်နာကျင့်သုံးရမည်ဟူသော စကားရပ်အစား ဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်ဟု ပြင်ဆင်သည်။

(ထ) အခန်း(၆) အပိုဒ် ၉ အပိုဒ်ခွဲ(ဂ) ကို အဆိုပြုချက်များကို တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းရှိ၊ မရှိစိစစ်ခြင်းဟုပြင်ဆင်ပြီး အပိုဒ်ခွဲ (ဃ) ကို (ဆ) ဟုလည်းကောင်း၊ အပိုဒ်ခွဲ (င) ကို (ဃ) ဟုလည်းကောင်း၊ အပိုဒ်ခွဲ(စ)ကို (င)ဟုလည်းကောင်းပြင်ဆင်သည်။

(ဒ) အခန်း(၆) အပိုဒ် ၉ တွင် အပိုဒ်ခွဲ(ဇ) အဖြစ်အသစ်ဖြည့်စွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော တာဝန်များကိုထမ်းဆောင်ခြင်းဟု ဖြည့်စွက်ထားပါသည်။

(ဓ) အခန်း(၆) အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ) ကိုအဆိုပြုချက်ကိုလက်ခံလျှင် ခွင့်ပြုမိန့်အားကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအားထုတ်ပေးခြင်း။

(န) အခန်း(၆) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဃ)တွင် လိုအပ်သည်ဟုထင်မြင်သည့် အထောက်အထားများဟူသည့် စကားရပ် အစား လိုအပ်သည့်အထောက်အထားများဟု ပြင်ဆင်သည်။

(ပ) အခန်း(၇) အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) ကို အပိုဒ် ၁၆ အပိုဒ်ခွဲ (ခ)ဟုပြောင်းလဲပြီး ကော်မရှင်၏ သဘောတူခွင့်ပြုချက်ဖြင့် အခြေပစ္စည်းကိုရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့ကိုပြုလုပ်ခွင့်ရှိခြင်းဟုပြင်ဆင်သည်။

(ဖ) အခန်း(၈) ပဋိညာဥ်စာချုပ်ခေါင်းစဥ်အစား ခွင့်ပြုမိန့်လျှောက်ထားခြင်းဟု ပြောင်းလဲပြင်ဆင်ပြီး အပိုဒ် ၁၅ ကို ၁၇ ဟုပြောင်းကာ နိုင်ငံတော်တွင်ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည်ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုချက်တင်သွင်းရမည်ဟူ၍လည်းကောင်း၊ အပိုဒ် ၁၈ အဖြစ် ဖြည့်စွက်၍ ကော်မရှင်သည် (က) ပုဒ်မ ၁၇ အရ တင်သွင်းသောအဆိုပြုချက်ကိုရရှိပါကလိုအပ်သောစိစစ်မှုများပြုလုပ်ပြီး အဆိုပြုချက်ကိုလက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုလုပ်နိုင်သည်။ (ခ) အဆိုပြုချက်ကိုလက်ခံပါက အဆိုပြုချက်တင်သွင်းသူအား ခွင့်ပြုမိန့်ကိုထုတ်ပေးရမည်။ အပိုဒ် ၁၉ အဖြစ်ဖြည့်စွက်၍ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် ကော်မရှင်ကထုတ်ပေးသောခွင့်ပြုမိန့်ကိုရရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အဖွဲ့အစည်းနှင့်လိုအပ်သော ပဋိညာဥ်စာချုပ်ချုပ်ဆို၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတည်ထောင်ရမည်ဟု ဖြည့်စွက်ပါသည်။

(ဗ) အခန်း(၈) အပိုဒ် ၁၆ ကို အပိုဒ် ၂၀ ဟု အပိုဒ်ပြောင်းလဲပြီး စကားရပ်ကိုမူလပြဋ္ဌာန်းချက်အတိုင်းထားရှိသည်။

(ဘ) အခန်း(၈) အပိုဒ် ၁၇ အပိုဒ်ခွဲ(က) ကို အပိုဒ် ၂၁ ဟု အပိုဒ်ပြောင်းလဲပြီး စကားရပ်ကိုမူလ ပြဋ္ဌာန်းချက် အတိုင်းထားရှိသည်။

(မ) အခန်း(၁၀) အပိုဒ် ၁၈ အပိုဒ်ခွဲ(က) ကို အပိုဒ် ၂၂ အပိုဒ်ခွဲ(က) အဖြစ်ပြောင်းလဲ၍ ခန့်ထားရမည် ဟူသောစကားရပ်အစား ခန့်ထားပြီးဖြစ်ရမည်ဟုပြင်ဆင်သည်။

(ယ) အခန်း(၁၀)အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ) ကို အပိုဒ်၂၂ အပိုဒ်ခွဲ(ဂ)အဖြစ်ပြောင်းလဲ၍ အလုပ်ရှင်အချင်းချင်း၊ အလုပ်သမားအချင်းချင်းအလုပ်ရှင်နှင့်အလုပ်သမားသို့မဟုတ် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြားပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရမည်ဟုပြင်ဆင်ပါသည်။ (၎င်းပြင်ဆင်ချက်၏ ဇယားတွင် စာရိုက်ရာ၌မှားယွင်းနေပါသဖြင့်ပြင်ဆင်ပေးပါရန်ပန်ကြားအပ်ပါသည်။)

(ရ) အခန်း(၁၂) အပိုဒ် ၂၂ ကို အပိုဒ် ၂၆ ဟုပြောင်းလဲပြီး အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်တွင်ပါရှိသည့် နိုင်ငံပိုင်ပြုလုပ်ခြင်းမပြုဟုအာမခံသည့်စကားရပ်အစား နိုင်ငံပိုင်သိမ်းယူခြင်းမပြုဟုပြင်ဆင်သည်။

(လ) အခန်း(၁၂) အပိုဒ် ၂၇ အဖြစ် ကော်မရှင်၏ခွင့်ပြုမိန့်အရဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုခုကို ခွင့်ပြုသက်တမ်းမကုန်ဆုံးမီ ခိုင်လုံသောအကြောင်း တစ်စုံတစ်ရာမရှိဘဲ ရပ်ဆိုင်းခြင်းမပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ကအာမခံသည်။

(ဝ) အခန်း(၁၃) အပိုဒ် ၂၅ ကို အပိုဒ် ၂၉ ဟုပြောင်းလဲပြီး ကော်မရှင်သည်ပုဒ်မ ၂၆ အရ ဟူသောစကားရပ်အစား ကော်မရှင်သည်ပုဒ်မ ၂၈ အရဟုပြင်ဆင်သည်။

(သ) အခန်း(၁၃) အပိုဒ် ၂၆ နှင့် အပိုဒ် ၂၇ ကိုစုစည်း၍ အပိုဒ် ၃၀ အဖြစ်ပြောင်းလဲကာ ကော်မရှင်သည် နိုင်ငံတော်၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရထားသူထံမှ ကနဦးသဘောတူညီချက်ရယူပြီး ရင်းနှီးမြှုပ်နှံသူအား မြေအသုံးပြုခွင့်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(ဟ) အခန်း(၁၅) အပိုဒ် ၃၃ ကို အပိုဒ် ၃၆ ဟုပြောင်းလဲပြီး နိုင်ငံခြားသို့လွှဲပြောင်းနိုင်စေရမည်ဟူသောစကားရပ်အစား နိုင်ငံခြားသို့လွှဲပြောင်းနိုင်ခွင့်ရှိသည်ဟုပြင်ဆင်ပါသည်။

(ဠ) အခန်း(၁၅) အပိုဒ် ၃၄ အပိုဒ်ခွဲ(က) ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(က) ဟုပြောင်းလဲပြီး အပိုဒ် ၃၇ရင်းနှီးမြှုပ်နှံသူသည် (က) သက်ဆိုင်ရာနိုင်ငံခြားငွေဖြင့်သတ်မှတ်သည့် ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသောဘဏ်တစ်ခုခုမှတစ်ဆင့်နိုင်ငံခြားသို့ ငွေလွှဲနိုင်စေရမည်ဟုပြင်ဆင်သည်။

(အ) အခန်း(၁၇) အပိုဒ် ၃၆ ကို အပိုဒ် ၃၉ ဟုပြောင်းလဲပြီး ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများစကားရပ်ကိုဖြည့်စွက်ပါသည်။

(ကက)အခန်း(၁၉) အပိုဒ် ၃၈ ကို အပိုဒ် ၄၁ ဟုပြောင်းလဲပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ်တွင် တင်ပြလာလျှင်ကော်မရှင်ကဟူသောစကားရပ်ကို ဖြည့်စွက်ပါသည်။

(ခခ) အခန်း(၁၉) အပိုဒ် ၃၉ ကို အပိုဒ် ၄၂ ဟုပြောင်းလဲပြီး ဤဥပဒေကိုမပြဋ္ဌာန်းမီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၀ / ၁၉၈၈ )အရ ရင်းနှီးမြှုပ်နှံသူများသည် ဤဥပဒေအရသတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံသူများအဖြစ်မှတ်ယူရမည်။

(ဂဂ) အခန်း(၁၉) အပိုဒ် ၄၁ ကို အပိုဒ် ၄၅ ဟုပြောင်းလဲပြီး ကော်မရှင်သည် ကော်မရှင်၏ အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီကျင်းပရမည်ဟုပြင်ဆင်ပါသည်။

(ဃဃ) အခန်း(၁၉) အပိုဒ် ၄၂ ကို အပိုဒ် ၄၆ ဟုပြောင်းလဲ၍ ဤဥပဒေကအပ်နှင်းသော လုပ်ပိုင်ခွင့်အရ ကော်မရှင်ကချမှတ်သောအဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်ဟုပြင်ဆင်ပါသည်။

(ငင) အခန်း(၁၉) အပိုဒ် ၄၃ ကို အပိုဒ် ၄၇ ပြောင်းလဲ၍ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးဟူသော စကားရပ်အစား နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးဟူသော စကားရပ်ဖြင့်လည်းကောင်း၊ အရေးယူခြင်းမပြုရဟူသောစကားရပ်အစား အရေးယူခြင်းမရှိစေရဟူသော စကားရပ်ဖြင့်ပြင်ဆင်ပါသည်။

(စစ) အခန်း(၁၉) အပိုဒ် ၄၅ ကို အပိုဒ် ၄၉ ဟုပြောင်းလဲ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကော်မရှင်၏ခွင့်ပြုမိန့်ဟူသောစကားရပ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၀ / ၁၉၈၈ ) အရ ကော်မရှင်၏ခွင့်ပြုမိန့် ဖြင့်ဟူသောစကားရပ်ကိုဖြည့်စွက်ပြင်ဆင်ပါသည်။

(ဆဆ) အခန်း(၁၉) အပိုဒ် ၄၆ အပိုဒ်ခွဲ(က) ကို အပိုဒ် ၅၀ အပိုဒ်ခွဲ(က) ဟုပြောင်းလဲ၍ အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ကော်မရှင်နှင့် ညှိနှိုင်းပြီး လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

၉။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ ပါပြဋ္ဌာန်းချက်များကိုလိုက်နာဆောင်ရွက်လျက် နည်းဥပဒေ ၄၅နှင့်အညီ ပြည်သူ့လွှတ်တော်သို့ အတည်ပြုပြဋ္ဌာန်းနိုင်ရန် အစီရင်ခံတင်ပြအပ်ပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါပြင်ဆင်ဖြည့်စွက်အတည်ပြုချက်အသေးစိတ်သိရှိနိုင်ရန် အချိန်မီအခြေပြဇယားများဖြင့်ပူးတွဲတင်ပြထားသော်လည်း အခြေပြဇယားအပိုဒ် ၁၇ နှင့် ၃၀ တွင်လိုအပ်ချက်များရှိနေပါသဖြင့် ဆောလျင်စွာမှန်မှန်ကန်ကန်ပြန်လည်ပြင်ဆင်ပြီးဆောလျင်စွာထပ်မံဖြန့်ဝေသွားမည်ဖြစ်ကြောင်းတင်ပြရင်း ကျွန်တော်အစီရင်ခံစာတင်ပြမှုကို အဆုံးသတ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခုနကမူလအစီရင်ခံစာမှာ အမျိုးသားလွှတ်တော်ကပြင်ဆင်ထားတာ ၂၇ ပိုဒ်ရှိပါတယ်။ အဲ့ဒီထဲက ၂၄ ပိုဒ်ကိုတော့ အနည်းငယ်စီပြန်ပြင်ဆင်မယ်လို့ ပထမဦးစွာဖော်ပြထားပါ

တယ်။ မိမိအနေနဲ့ ဦးစီးဇယားကိုကြည့်တဲ့အခါမှာအားလုံးပေါင်း၊ အပိုဒ်ပေါင်းက ခုနကဖော်ပြတဲ့အရေအတွက်ထက်များနေတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ကပြင်ဆင်ထားတဲ့ အပိုဒ် ၂၇ ခု ရှိပါတယ်။ အဲ့ဒီထဲက ၃ ခုကလွဲလို့ ၂၄ ခုပဲပြင်ဆင်ထားတယ်ဆိုတဲ့ဟာ မှန်/မမှန်ပြန်ပြီးတော့ စစ်ပေးပါ။ အခုချက်ချင်းပြောဖို့မဟုတ်ပါဘူး။ နောက်တစ်ခုက ခုနကပြင်ဆင်ဖို့လိုတယ်ဆိုတဲ့အပိုဒ်ပြန်ပြောပါ။ အပိုဒ်ဘယ်လောက်လဲ။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ ၁၇။

**ဥက္ကဋ္ဌ။** ။ ခဏလေး။ ၁၇၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅၊ အပိုဒ် ၁၇ ကိုပြောတာလား။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ ဟုတ်ကဲ့ပါ။ အပိုဒ် ၁၇ နှင့် ၃၀ မှာ လိုအပ်ချက်များရှိနေပါတယ်။ အဲ့ဒါကိုမှန်ကန်တဲ့ပြင်ဆင်ချက်အဆိုစာရိုက်တဲ့အချိန်မှာ နည်းနည်း လိုအပ်သွားပါတယ်။ မှန်ကန်တဲ့ပြင်ဆင်ချက်အဆိုကို ဆောလျင်စွာပြုစုပြီး ထပ်မံပြီးအချိန်မီဖြန့်ဝေသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီလေ။ ဖြစ်နိုင်တယ်ဆိုရင်တော့ အဲ့ဒါ ၂ ပိုဒ်တည်းဖြစ်တဲ့အတွက် အဲ့ဒါကိုထုတ်နုတ်ပြီးတော့ ဒီနေ့ပဲပြန်ပေးလိုက်တာကောင်းပါတယ်။ ဆောလျင်စွာဆိုတာ ဒီနေ့ပဲနော်။ ဒီနေ့ပဲ ပြင်ဆင်ချက်ပေးပါ။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုရောက်ရှိနေတဲ့ ဥပဒေကြမ်းများကို ဒီအပတ် ၁၆ ရက်နေ့မှာအားလုံးအပြီးဆွေးနွေးဖို့ မိမိတို့လျာထားပါတယ်။ အချိန်နည်းပါတယ်။ သို့ရာတွင် ပြင်ဆင်လိုတဲ့လွှတ်တော်ကိုယ်စားလှယ်များအတွက် အချိန်ရအောင်မိမိတို့ လွှတ်တော်ကို ဖြစ်နိုင်ရင်မနက်ပိုင်းမှာသာဆောင်ရွက်ပြီး ကျန်တဲ့အပိုင်းမှာလွှတ်တော်ကိုယ်စားလှယ်များ ဥပဒေကြမ်းအတွက် ပြင်ဆင်အဆိုပြုနိုင်ဖို့အတွက်လျာထားပါတယ်။ ဒါကြောင့်မို့လို့ အချိန်နည်းသော်လည်း လွှတ်တော်ကိုယ်စားလှယ်များအတွက်အချိန်လုံလောက်အောင် ယခုကဲ့သို့ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းသွားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၂ ခုနှစ်၊ မတ်လ ၁၆ ရက် (သောကြာနေ့)အစည်းအဝေးမှာဆွေးနွေးရန်လျာထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၇ နည်းဥပဒေခွဲ (ဂ) အရ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို

တိတိကျကျဖော်ပြ၍ ၁၄-၃-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။ အဲ့ဒီလို ၁၄-၃-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့)ကို တင်သွင်းမှုသာလျှင် ၁၅-၃-၂၀၁၂ ရက်နေ့မှာပြုစုပြီး ၁၆-၃-၂၀၁၂ ရက်နေ့မှာဆွေးနွေးနိုင်မှာဖြစ်ပါတယ်။ မိမိတို့မှာ အချိန်ကန့်သတ်ချက်ရှိတဲ့အတွက် ကန့်သတ်ချက် အချိန်အတွင်းမှာအားလုံးဥပဒေနှင့်အညီ အဆင်ပြေစွာဆောင်ရွက်နိုင်ဖို့ပြင်ဆင်လိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ တင်ပြပါအတိုင်းဆက်လက်ဆောင်ရွက်ဖို့ထပ်မံပြောကြားလိုပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃ )ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကိုရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ မတ်လ ၁၃ ရက် ( အင်္ဂါနေ့ )၁၀း၀၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃ း ၃၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေရေးရာနှင့်အထူး ကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အစည်းအဝေးကို ၁၃း၄၅ နာရီတွင် ဒုတိယထပ် အစည်းအဝေးခန်းမတွင် ကျင်းပမှာဖြစ်တဲ့အတွက် အချိန်မီတက်ရောက်ကြပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ ကိုယ်စားလှယ်များပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ၁၃း၃၅ နာရီတွင် ရပ်နားပါသည်။ ]